# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွှင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာ စာစောင်

ကျမ်းပြုဆရာအချို့တို့က၊ အရှင်ဘုရား၊ ကိုယ်တော်၏ စကားသည် လျောက်ပတ်ပါ၏ဟု လျှောက်ကြ၏။ လုကာ ၂၀:၃၉

အမှတ်စဉ် (၁၄၀) ဧပြီလ ၂၀၁၃ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## ရဲရင့်စွာ *(သဲမြတ်မှုန် or Thian Hnem Par)*



လောကီဘုံမှာ ပျော်ရွှင်မှုများ ကြုံရသည်လည်း မှန်ပါ၏
လောကီဘုံမှာ ခက်ခဲခြင်းများ ရင်ဆိုင်ရသည်လည်း ဟုတ်ပါ၏
လောကီဘုံမှာ ရောဂါ ဝေဒနာများ ခံစားရသည်လည်း မှန်ပါ၏
အဖြစ်ဆိုး ဘဝ မုန်တိုင်းနှင့် လွတ်နိုင်မလား။ (ဟင့်အင်း)
ဘဝမုန်တိုင်း ရင်ဆိုင်ထိပ်တိုက် တွေ့ဆုံရမည် မှန်ပါသည် ။
ခွန်အားနည်းပြီး စိုးရိမ်နေပါသလား။ ရဲရင့်စွာလျှောက်လှမ်းပါ။
ရဲရင့်ခြင်း၏ တံခါးဝ သည် အောင်မြင်မှု ၊ အောင်မြင်မှု၏ တံခါးဝသည် ကိုယ်တော်ပင် ။
အောင်မြင်ခြင်းကို ယခုပင် သင် နှင့် ကျွန်ုပ် ။ ထမ်းရွက် သိမ်းပိုက် အရယူဖို့ အချိန်ရောက်ပြီ
တို့တတွေ အားယူ ရဲရင့် စို့လား ။ မပျော်ရွှင်မှု ၊ ခက်ခဲမှု အားလုံး ဘေးဖယ်ထားလျှက်
အောင်မြင်ခြင်း တံခါးဝသို့ ဘေးနောက် မကြည့်။
ရဲရင့်စွာ အထံတော်သို့ ချဉ်းကပ်ပါစို့ မိတ်ဆွေ ။



---

## ပွင့်ခက်ဝါနီ *(ဆောင်းဦး)*

အချိန်တန်လို့ မျှော်သာမျှော် ပေါ်မလာတော့
ဘဝင်မကျေ မာန်မကျ ။ ခိုးကြည့်ပြူးမိ ပြူတင်းပေါက်မှ
ညည်းတွားတွေဝေ ကျန်းမာလေစ။ တွေးမိက ရင်ထဲက ပွင့်ခက်ဝါနီ
ယုံကြည်မှုနဲ့ စောင့်နေဦးမည်၊ မိတ်ဆွေရင်းရေ....။



---

## ဆောင်းဦးရဲ့ နံနက်ခင်းတခု *(ချစ်လင်းလေး)*

ထင်းရှူးပင်တန်းများ အုပ်မိုးထားသည့် ကတ္တရာလမ်းမပေါ် တယောက်တည်း အထီးကျန်စွာ လျှောက်ရင်း အေးစိမ့်စိမ့် လေညှင်းနှင့်အတူ ကပ်ပါလာသော နှင်းမှုန်နှင်းစက်လေးများကို ရှူရှိုက်ရင်း အတိတ်၏ အမှတ်တမဲ့မှ အမှတ်တရတို့နှင့်အတူ... အို..ဒီဆောင်း သစ်ပြန်ပြီ..။

၂) တစ်ခါက စင်္ကာပူနိုင်ငံ၌ ဂျူးဂျူး၊ မီမီ၊ ခရစ္စတီးနာနှင့် ပို့ပို့ ဆိုသည့် အိမ်ဖော်မလေး ၄ယောက်ရှိပါသတဲ့။ သူငယ်ချင်းတွေ ဖြစ်ကြသော်လည်း ၁လ ၁ကြိမ် တွေ့ဆုံဖို့ အင်မတန် ခဲယဉ်းပါသတဲ့။ ဖုန်း ကိုယ်စီတော့ ကိုင်ခွင့်ရှိကြသတဲ့။ နိုဝင်ဘာလ ၃ဝရက်နေ့ ညနေစောင်းမှာတော့ သူတို့ ၄ယောက်စလုံး၏ ရင်တွေထဲမှာ ဒီညဟာ Sweet ဒီဇင်ဘာညလို့ တွေးရင်း အိမ်ကို ပြန်ချင်စိတ်၊ လွမ်းစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လို့ပေါ့။ သူတို့က မြန်မာပြည် အသင်းတော်အိမ်တွေမှာ ဒီအချိန်ဆို အလုပ်တွေ အတော်ရှုပ်နေကြပြီး။ ကောက်ညှင်းပေါင်းတဲ့ အိမ်က ပေါင်း။ ကောက်ညှင်းထုပ်တဲ့ အိမ်က ထုပ်၊ ကြက်သား ဘဲသား ဆန်ပြုတ် ပြုတ်တဲ့ အိမ်က ပြုတ်၊ ဈေးဆိုင်တွေမှာ သကြားလုံး ပြေးဂယ်တဲ့အိမ်က ပြေးဂယ်နဲ့ ခရစ်ယာန်တွေ ယောက်ယက်ခတ်ကြပြီပေါ့။ ဒီသတင်းတွေကို စုံထောက်လုပ်သူတွေက ရွာစ ရွာဆုံး ပြေးလွှား ကစားနေကြတဲ့ ကလေးတွေဘဲပေါ့။ ညနေ ရနာရီ လောက်ဆို အသင်းတော်မှာ လူငယ်တွေစုပြီး တအိမ်ဝင် တအိမ်ထွက်နဲ့ ခရစ္စမတ် ရက်မြတ်အတွက် နှုတ်ခွန်းဆက် တေးသီချင်းသံတွေ တစ်ရွာလုံးပဲ့တင် ပြန့်လွင့်လို့ပေါ့။ ချမ်းစိမ့်စိမ့် ညချမ်းမှာ အိမ်ရှင်များ ဧည့်ခံသည့် ပူပူနွေးနွေး အစားအသောက်များ စားရင်း ပျော်ရွှင်လိုက်ကြမည့် ဖြစ်ချင်း။ လသာလျှင် ပိုလို့တောင် ပျော်သေး။ ၁၁နာရီ ထိုးလျှင်တော့ ဘုရားကျောင်းပြန် ဝတ်ပြုကိုးကွယ်ကြပေါ့။ လူငယ်များ နောက် မလိုက်နိုင်ကြတဲ့ ကလေးများကျတော့လည်း

၃-၄ ယောက် တဖွဲ့ ဖွဲ့ပြီး ကိုယ့်လက်ခုပ်ကို ဂီတာ လုပ်ပြီး Sweet December လို့ ပြိုင်တူအော်လို့ မယ်ရီခရစ္စမတ် နှုတ်ခွန်းဆက်ပါတယ်။ ပျော်ရွှင်ဖွယ် အချိန် သင့်အတွက် ဖြစ်ပါစေ။ မင်္ဂလာအပေါင်း ခညောင်းလို့ ငြိမ်းချမ်းပါစေ။ ချစ်မိတ်ဆွေရယ် ခရစ္စမတ် ရောက်ပြီလေ။ ( ဤအိမ်ပေါ်တွင် ကောင်းကြီးမင်္ဂလာ)၂ ရောက်စေ သော်)၃ အာမင် ဆိုတဲ့ သီချင်းတွေ ဆိုပြီး အိမ်ရှင် ကျွေးတာတွေစား။ နှစ်အိမ် သုံးအိမ် လောက်ဆိုပြီး ဗိုက်ပြည့်သွားရင် ကိုယ်အိမ် ပြန်အိပ်ကြ။ အို ပျော် စရာကောင်းသည့် Sweet Night .. အခုတော့ သီချင်းဆိုဖို့ နေနေသာသာ မိုးချုပ်လျှင် အိမ်ထဲက အိမ်ပြင် မထွက်ရ။ သီချင်းသံကြားရဖို့ ဆိုတာ ဟိုအဝေးကြီးမှာ။ ကလင်.. ကလင်.. ဟဲလို .. မီရေ ငါတို့ ဒီည သီချင်းလိုက်ဆိုကြမလား" ဘယ်လို ဒီည ဆွိ ဒီဇင်ဘာ ညလေ" နင်သိတဲ့ အတိုင်း ရွာမှာဆို.. အဲဒီတော့ ဒီညတို့ သူငယ်ချင်း ၄ယောက် စုပြီး အသိမိတ်ဆွေတွေ သူငယ်ချင်းတွေရဲ့ ဖုန်းတွေခေါ် လိုင်းတွဲပြီး သီချင်းဆို ထည့်မယ်။ ဆုတောင်းပေးမယ်။ ခရစ်တော်အကြောင်း သိသလောက် ပြောမယ်။ ဘယ်လိုလဲ " အရမ်းကောင်းတဲ့ အကြံဘဲ။ ဒီလိုနဲ့ ခရစ္စတီနားနဲ့ ပို့ပို့ တို့ကိုပါ အဖော်ညှိပြီး အိမ်အလုပ်တွေ မြန်မြန်ဆန်ဆန် လုပ်ကြတယ်။ ရင်ထဲမှာ အရမ်း ပျော် နေကြတာပေါ့။ ည၉နာရီခွဲ တာနှင့် ဖုန်းကိုယ်စီ ကိုင်ပြီး လုပ်ငန်းစကြတော့တာပဲ။ အရင်ဆုံး ၄ယောက်သား ဖုန်းလိုင်းတွေ တွဲလိုက်တယ်။ ပို့ပို့မှာ ဂီတာ ရှိတော့ သီချင်းတိုက်ကြတယ်။ ဆုတောင်းပြီးတာနဲ့ သူငယ်ချင်းမိတ်ဆွေ အသိတွေရဲ့ ဖုန်း တွေကိုခေါ် တဖုန်းဝင် တဖုန်းထွက် သီချင်းဆို၊ ဆုတောင်း၊ ခွန်အား နဲနဲပါးပါး ပေးပေါ့။ တီးတဲ့သူက Lorong Chuan မှာနေပြီး။ သီချင်းဆိုတဲ့ ၃ယောက်က Farrer Park, Bishan နဲ့ Tampiness မှာ စင်ကာပူ အနှံ့ တကွဲတပြား နေကြတာဆိုတော့ အတီးတခြား အဆိုတခြား ဖြစ်ကြပေမဲ့ အတော်လေး နားထောင်ကောင်းကြသားပဲ။ ည၁ဝ နာရီခွဲလောက် ရောက်တော့ ဂီတာတီးနေတဲ့ ပို့ပို့ ခမျာ အိမ်ရှင်တွေ ပြန်လာလို့ တီးခွင့် မရှိတော့ဘူး။ ဒါပေမဲ့ သူတို့ ၄ယောက် ဖွဲ့မလျှော့ပဲ မလေးရှားက သူငယ်ချင်း စိုးအောင်ဆီ ဖုန်းဆက်ခေါ်ကြရင်း နှုတ်ဆက်သီချင်းဆို ဆုတောင်း အားပေးကြပြီး ပြန်ထွက်မယ်အလုပ် လရောင်အောက်မှာ တွေးတောငေးမောနေတဲ့ စိုးအောင် သီချင်းသံတွေ ကြားတော့ အရမ်းအံ့သြသွားတယ်။ "အော် ဒီည ဆွိဒီဇင်ဘာ ညကိုး။ ငါတောင် ဒီလိုညမျိုး မကြုံရတာ နှစ်ပေါင်း အတော်ကြာပြီပဲ၊ နင်တို့ အပြင်ထွက်ပြီး လိုက်ဆို ကြတာလား။" "မဟုတ်ဘူး ငါတို့ ၄ယောက်က ၄နေရာစီ ခရစ္စတီနားက အဖွားနဲ့ ကုတင်တခုတည်းမှာ အိပ်ရလို့ စောင်ကို ခေါင်းမြီးခြုံပြီး ဖုန်းထဲ နားကျပ်ထည့်ပြီး လိုက်ဆိုပေးနေတာ။ အဖွားက နဲနဲ နားလေးတော့ တော်သေးတယ်။ ပို့ပို့က ကလေး၂ယောက်နဲ့ တခန်းတည်း အိပ်ရလို့ သိပ် အသံထွက်လို့မရဘူး။ ဂျူးဂျူးနဲ့ မီမီက ကိုယ်ပိုင်အခန်းတွေနဲ့မို့ အဆင်ပြေနေတယ်လေ။ ဒါကြောင့် တို့တွေ သံစုံဆိုနိုင်ကြတာပေါ့။ " ဟာနင်တို့ ဘုရားအပေါ် ပေးဆပ်မှုက မနည်းပါလား။ ဒါဆို ငါ့မှာ ဂီတာ ရှိတယ်။ ငါ ဒီကနေ တီးပေးမယ်။ ပြီးတော့ ဒီနိုင်ငံမှာရှိတဲ့ ငါ့သူငယ်ချင်းတွေ သွားဆိုပြီး အားပေးနှုတ်ဆက်ပါဦး" ပြောပြောဆိုဆို သူက မလေးရှား ကနေ ဂီတာတီး၊ မချော ၄ယောက်က စင်္ကာပူက ဆို အတီးတခြား၊ အဆိုတခြား ဖြစ်ကြပေမဲ့ အခုမှ ပိုမြိုင်သွားတာ။ ဒီလိုနဲ့ တဖုန်းဝင် တဖုန်းထွက်နဲ့ လိုက်ဆိုလိုက်ကြတာ စင်္ကာပူ၊ မလေးရှား၊ ထိုင်းနဲ့ ယူအက်(စ်)အေ နိုင်ငံတွေ စုံသွားတာပဲ။ ၄ယောက်နဲ့ အစပြုခဲ့ပေမဲ့ ဖုန်းခေါ် ခံရတဲ့ သူတွေကလည်း ပျော်လွန်းလို့ တချို့ဆို ဖုန်းပေါ်ကနေ တောင် မဆင်းနိုင်ကြတော့ပဲ အင်အားဖြည့်ကြ လိုက်ဆိုကြနဲ့ သန်းခေါင်ကျော်မှပဲ ဆုတောင်းပြီး ရပ်လိုက်ကြတော့တယ်။ မနက်ရောက်တော့ တချို့ မသိတဲ့သူတွေက မေးကြတယ် "နင်တို့ အဖွဲ့တွေ အပြင်ထွက်ပြီး လိုက်ဆိုကြတာလား။ တို့ဒီကို စရောက်ကတည်းက ဘယ်သူကမှ အရေးလုပ်ပြီး သီချင်းဆို နှုတ် လာမဆက်ကြဘူး။ ဆွိဒီဇင်ဘာနိုက် တို့ ခရစ္စမတ်တို့ဆိုတာ ဘာမှန်းတောင် တို့ဘဝမှာ မသိတော့ဘူး။ မေ့လု နီးပါဖြစ်ကုန်ပြီး၊ နင်တို့ကို အရမ်းကျေးဇူးတင်တယ်။ ဘုရားနဲ့ ဝေးကွာနေတဲ့ တို့ဘဝမှာ ခရစ်တော်ဟာ အသစ်တဖန်ပြန် မွေးဖွားခဲ့ပြီး ဒီခရစ္စမတ်ဟာ တို့အတွက် အဓိပ္ပါယ် အရှိဆုံးပဲ။ သူတို့ ၄ယောက်လည်း ညက အဖြစ်အပျက်နှင့်အတူ ခရစ်တော်ကို ကြိုဆိုကြတဲ့အတွက် ဝမ်းမြောက်မှုဟာ အတိုင်းမသိပါပဲ။ ချစ်မိတ်ဆွေ ခရစ္စမတ်ဟာ အကြောင်းအရာ တခုကို အစွဲပြုပြီး ပေါ်ပေါက် လာသော ပွဲတော်တခု ဖြစ်လင့်ကစား လွန်ခဲ့သော နှစ်ပေါင်း ၂ဝဝဝကျော်က ဘုရား သားတော်ဟာ ကိုယ်ခန္ဓာကို စတေးပြီး သင့်အတွက် ထာဝရအသက်ဆိုသည့် လက်ဆောင် တခုတည်း မဟုတ်ပေမဲ့ ချို့တဲ့ နာမကျန်း ဖြစ်နေသည့် မိတ်ဆွေများ အတွက် ကျန်းမာခြင်း လက်ဆောင်၊ ဆင်းရဲနုံချာနွမ်းပါးသည့် မိတ်ဆွေများအတွက်



နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ချမ်းသာခြင်း လက်ဆောင်ကို သင်တို့ရှေ့၌ တင်ထားပေးခဲ့ကြောင်း ထိုလက်ဆောင်ကို သင့်အနေနှင့် ကြည့်နေဖို့ မဟုတ်ပဲ ဖွင့်ယူ အသုံးပြုဖို့ မမေ့ရန် အားနည်းကုန်ခမ်းသွားသော မှတ်ဉာဏ်များအား တနစ်တခါ renew ဖြစ်စေပါသည်။ ထိုအမျိုးသမီး ၄ဦး၏ လုပ်ဆောင်မှုများကဲ့သို့ ကျွန်ုပ်တို့၏ အသက်တာ၌ ခေါင်းမြီးခြုံခြင်း ဆိုသည့် လောကကြီး၏ ဖိစီးနိုပ်စက် အမှောင်လွှမ်းမိုးမှုအကြားထဲမှ သူတပါးအား ကူညီပေးပြီး ဘုရား၏ မေတ္တာအကြောင်း ပြောပါ။ နားထဲ၌ နားကျပ် ထည့်ခြင်းဆိုသည့် ပတ်ဝန်းကျင် အသံများ နားထဲသို့ မဝင်လာစေဘဲ သခင့်ထံမှ အသံတခုတည်းကို အာရုံပြုပါဟု တိုက်တွန်းအားပေးရင်း... ။ ။ ချစ်လင်းလေး

---

## မျှော်လင့်ချက်များ *Lahpai Nang Kai*

လူသားတိုင်းဟာ သခင့်၏ မျှော်လင့်ချက် ဖြစ်သလို သား/သမီးတိုင်းလည်း မိဘတွေနဲ့ မျှော်လင့်ချက် ပန်းတိုင်ပါ။ စီးပွားရေး ဆိုတာလည်း လူ့ဘဝကို တိုးတက်မှုပေးနိုင်သလို အောက်ခြေထိ ရောက်အောင်လည်း လုပ်ဆောင်ပေး တတ်ပါတယ်။ ငွေဆိုတာလည်း သုံးတတ်သူအတွက်က တန်ဖိုးရှိသလို မသုံးတတ်သူအတွက်က စိတ်ဓာတ်ကို အလွယ်တကူ ပြောင်းလဲပေးစေ နိုင်ပါတယ်။ တချို့တွေရဲ့ နလုံးသားဟာ ငွေနဲ့တွေ့ရင် ပန်းချီကားတစ်ချပ်လို ဖြစ်သွားတတ်ပါတယ်။ အဓိက အားဖြင့် ငွေကြောင့် ဖြူစင်သော နလုံးသားကို အရောင်စွန်း စေနိုင်ပြီး ဘဝပျက်ဆီး စေနိုင်ပါတယ်။ စက်ာပူမှာ ရောက်နေသော တချို့ တို့မြန်မာမိန်းကလေးတွေဟာ အိမ်မှာနေတော့ ငွေပဲ ဆင်းရဲကြတယ်။ ငွေပုံပေါ်ရောက်မှ ဘဝပျက်ဆီးကာ စိတ်ဓာတ်ပါ ဆင်းရဲ ရတာမျိုး ရှိပါတယ်။ မွန်မြတ်သော မိန်းကလေးတစ်ဦးရဲ့ တန်ဖိုးဟာ ကိုယ့်ဘဝကို မပျက်ဆီးအောင် ထိန်းသိမ်းနိုင်ခြင်းပါ။ ပျက်စီးနေသော မိန်းကလေးတစ်ဦးရဲ့ စိတ်ဓာတ်ကို ပြန်ပြင်လို့ ရနိုင်ပေမဲ့ ပျက်ဆီးသွားတဲ့ မိန်းကလေးတစ်ဦးရဲ့ ဘဝကို ဘယ်လိုမှ ပြန်ပြင်လို့ မရနိုင်ပါဘူး။ သခင်ဟာ သင့်အမှားကို ခွင့်လွှတ်ပေးသော်လည်း ပျက်ဆီး သွားတဲ့ သင့်ဘဝကို ပြန်ပြင်ပေးတော်မူမဟုတ်။ ပျက်ဆီးနေသော မိန်းကလေး တစ်ဦးကြောင့် မွန်မြတ်သော ယောက်ျားလေးတစ်ဦးရဲ့ စိတ်ဓာတ်နှင့် အသိတရားကို အလွယ်တကူ မဖျက်ဆီးနိုင်သလို ယောကျ်ားလေးတစ်ဦးရဲ့ စိတ်ဓာတ် ပျက်ဆီးခြင်းနှင့် အသိတရား နည်းပါးခြင်းကြောင့် မိန်းကလေးအများစုရဲ့ ဘဝကို အလွယ်တကူ ပင်ရောက်ဖျက်ဆီးနိုင်ပါတယ်။ မိန်းကလေးတိုင်းရဲ့ ဘဝလှပနေဖို့ဟာ ယောကျ်ားလေးတိုင်းမှာ စိတ်ဓာတ် မပျက်ဆီးဖို့နှင့် အသိတရား အမြဲရှိနေဖို့လည်း လိုအပ်ပါလိမ့်မည်။ သားသမီး ပျက်ဆီးနေလျှင် မိဘရဲ့ မျှော်လင့်ချက် ပျောက်ဆုံး သွားသလို လူသားတွေ ပျက်ဆီးနေလျှင်လည်း သခင့်ရဲ့ မျှော်လင့်ချက်တွေ ပျက်ဆီးသွားပါလိမ့်မည်။ မိဘရဲ့ မျှော်လင့်ချက် အိပ်မက်လှပနေဖို့ သားသမီးတွေအားလုံး လိမ္မာစွာ နေထိုင်ကြပါစို့။ သခင့်ရဲ့ မျှော်လင့်ချက် ကြီးမားနေဖို့ သခင့်ရဲ့ နိုင်ငံတော် လှပနေဖို့ လူသားအားလုံး ကြိုးစားကြပါစို့ ။ ။ Lahpai Nang Kai

---

## ကျေးဇူးတော်ချီးမွမ်းခြင်း ( Thanks Giving )*Juliyar*

ရှေ့ဦးစွာ အဖဘုရားရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အခုလို စာရေးဖြစ်မယ်လို့ မထင်မှတ်ခဲ့ပါဘူး။ ဒါပေမဲ့ ဘုရားရဲ့ ကောင်းမြတ်ခြင်းကို မရေးဘဲ မနေနိုင်လို့ အဖ သမီး စာရေးချင်တယ်လို့ ပြောလိုက်တယ်လေ။ အဖက ရေးလေ သမီးက ရေးတယ် ဒါပေမဲ့ ဘယ်က စရေးရမှန်း မသိခဲ့ဘူးလေ။ အခုတော့ သမီး စာကြောင်းတွေ ရေးနေရပြီလေ ကျေးဇူးတော်ကြောင့်ပေါ့။ ဘုရားကောင်းမြတ်ခြင်းကို အစဉ်မပြတ် ချီးမွမ်းစေချင်ပါတယ်။ နေ့တာသစ်မှာ သမီးတို့ဟာ ကျေးဇူးတော်ကြောင့် ဂရုဏာသစ်ကို ခံစားရတယ် မဟုတ်လား။ ချီးမွမ်းပါ အားလုံးဘယ်လို အခက်အခဲနှင့်ပဲ ရင်ဆိုင်ရပါစေ။ ဘုရားက သူ့ကိုချီးမွမ်းစေချင်တယ်။ အယောက်စီတိုင်းရဲ့ ချီးမွမ်းခြင်း အသံကို ဘုရားသခင်က အလို ရှိနေပါတယ်။ ဒါကြောင့် ဘယ်သောအခါမှ ကျေးဇူးတော်ချီးမွမ်းခြင်းကို မမေ့ဖို့ အယောက်စီတိုင်းကို ရေးပြချင်ပါတယ်။ ကောလောသဲ ၂း၇ " ထို့ကြောင့် သင်တို့သည် ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍ ထိုသခင်၌ စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက် နည်းဥပဒေသ ကို ခံပြီးသည့်အတိုင်း ယုံကြည်ခြင်း၌ မြဲမြံစွာ စွဲလမ်းလျက် ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် တကွ ယုံကြည်ခြင်း တိုးပွားပြည့်စုံလျက် ထိုသခင်၌ ကျင်လည် ကြလော့" အခုချိန်မှာ ကျွန်မဟာ စိတ်သစ်၊ လူသစ်၊ ဘဝသစ်နဲ့ ဘုရားရဲ့ ကောင်းမြတ်ခြင်းကို ပြောလို့ရတဲ့သူကို ပြောခွင့်ရပြီလေ။ ကိုယ်တော်ကလည်း ကျွန်မ ကို အသုံးပြု ဆုတောင်း ပေးခြင်း အားဖြင့်သော်၎င်း၊ ကိုယ်သိတဲ့ ညီမ၊ သူငယ်ချင်း၊ အစ်မ အယောက်စီတိုင်းကိုလဲ နှုတ်ကပတ်တော် ဖွင့်ပြချက်ကိုလည်း ပြောပြခွင့် ရတယ်လေ။ ကျေးဇူးတင်လိုက်တာ ကျွန်မ အသက်တာမှာ တခါမှ မလုပ်ဘူးတဲ့ ဒီ အရာက ပထမဆုံးအကြိမ်ပါ။ တကယ်ပဲ အဖဘုရားသခင်ကို ကျေးဇူးတင်မိပါတယ်။ ဂမ်းလဲ သာပါတယ်။ အခုတော့ ကျေးဇူးတော်ကြောင့် ကိုယ်တော်ရဲ့ ကောင်းမြတ်ခြင်း ကို ပြောခွင့်ရပြီလေ.. ဟာလေလုယာ.. Praise the Lord.. ဘုရားသခင်ဘုန်းတော် သာ၍ ကြီးမားပါစေ.. အာမင်။ ကျွန်မတို့ဟာ ကျေးဇူးတော် အရိပ်အောက်မှာ လုံခြုံစွာ နေရလေ ဘာမှ ပူပန်ခြင်း မရှိဘူးလေ။ ကိုယ်တော် တစ်နေ့စာ ပေးတဲ့ အသက်ရှင်ခြင်း အရာ အားလုံး နဲ့တင် ကျွန်မက လုံလောက်နေပါပြီ။ အခုဆို ဘယ်လိုအခက်အခဲတွေနဲ့ ကြုံကြုံ ဆုတောင်း၊ ကျမ်းစာဖတ်ပြီး ကျေးဇူးတော် ချီးမွမ်းတယ်လေ။ ဘုရားသခင်က ငြိမ်သက်ခြင်းကို အမှန်တကယ် ပေးပါတယ်။ မိတ်ဆွေ ဘဝရဲ့ အခက်အခဲ ဘာတွေနဲ့ပဲ ရင်ဆိုင်ရပါစေ။ ကိုယ်တော်ရှင်ထံအပ်နှံ ဆပ်ကပ်ပါ။ ကိုယ်တော်ရဲ့ ကောင်းမြတ်ခြင်းကို ရေတွက်ချီးမွမ်းပါ။ ကျွန်မက ကိုယ်တော်ရဲ့ ကောင်းမြတ်ခြင်းခံစား သိရှိသလို အယောက်စီတိုင်းလဲ ကျွန်မလို နလုံးသားလေး တစ်ချက်ခုန်လိုက်တိုင်း ကိုယ်တော်ရဲ့ ကောင်းမြတ်ခြင်းကို ရေတွက်ချီးမွမ်းနိုင်ပါစေ...။ ။ *Juliyar*

---

## ချီးမွမ်းရင်းသက်သေခံကြစို့ *လမင်း ( ထားဂယ်)*

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင်၏ နာမတော်သည် ကမ္ဘာ အဆက်ဆက် ဘုန်းကြီးပါစေ။ ကျွန်မ အပေါ် ဘုရားသခင်ရဲ့ ကောင်းမြတ်မှုတွေကို ပြန်ပြီး တွေးကြည့်ရင် အများကြီးပါဘဲ။ ရေတွက်လို့ မကုန်နိုင်ပါဘူး။ ကျွန်မ တခါမှ သက်သေ မခံဖူးပါဘူး။ အရမ်း သက်သေခံချင်ပါတယ်။ ဒါပေမဲ့ ကျမ လူရှေ့မှာ ရပ်ရင်အမြဲတမ်းတုန်တယ်။ ဒါကြောင့် ကျွန်မ မလုပ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် သခင့်စကားစာစောင်ကနေ သက်သေခံဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို မရေတွက်တတ်တဲ့သူ တယောက် မဖြစ်ချင်တော့ပါဘူး။ ကျွန်မ စင်္ကာပူကို ရောက်တာ ဒီ၂၀၁၂ နိုဝင်ဘာလ ၁၂ရက်ဆိုရင် ၃နှစ် တိတိပြည့်ပါပြီ။ ၃နှစ်တာ ကာလပတ်လုံး ဘုရားသခင်အတူ ပါရှိပြီး ပို့ဆောင်ခဲ့တဲ့ အတွက် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒီစင်္ကာပူကို ကျွန်မ ကျေးဇူးတော် သက်သက်နဲ့ ရောက်လာခဲ့တာပါ။ ကျွန်မကိုခေါ်တဲ့ ကျွန်မ အန်တီနဲ့ သား မိသားစု၊ ကျွန်မကို လိုအပ်တာ အကုန် လုပ်ဆောင်ပေးတဲ့ သူများအားလုံးကို ဒီသခင့်စကားစာစောင်ကနေ ကျေးဇူးတင်ကြောင်းနှင့် အားလုံးအပေါ် ဘုရားသခင် ကောင်းကြီးပေးပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ဘုရားသခင်ဟာ ချီးမွမ်းခြင်းနှင့် ထိုက်တန်သော ဘုရားဖြစ်သည်။

စင်္ကာပူမှာ နေတဲ့ ၃နှစ်တာလုံးမှာ နေမကောင်းတာ၊ ဆေးခန်းသွားပြီး ပိုက်ဆံကုန်လောက်အောင် မဖြစ်ဖူးလို့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင် မစမှုကြောင့်ပဲပေါ့။ ကျွန်မ စိတ်ထဲမှာ မကောင်းတာတို့၊ အိမ်ကို လွမ်းတဲ့အခါမှာဆို ကျွန်မ ဘာလုပ်သလဲဆိုတော့ ဘုရားသခင်ဆီမှာ ရင်ဖွင့်တယ်။ ကျွန်မ ဖြစ်ချင်တာတွေ အကုန်ပြောပြတယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်မကို အမြဲဘဲ တည်ငြိမ်မှုတွေ၊ စိတ်ကျေနပ်မှုတွေကို ပြန်ပေးခဲ့ပါတယ်။ ကျွန်မလည်း ရင်ထဲမှာ ပေါ့ပါးပြီး နေလို့ ကောင်းသွားတယ်။ ဒီလိုနဲ့ဘဲ ၃နှစ်တာ ကာလကို ဘုရားသခင် ပို့ဆောင်ခဲ့ပြီးပြီဆိုတော့ ကျေးဇူးတော်ကို မရေတွက်ဘဲ နေရင် ကျွန်မဟာ ဘုရားသခင်အပေါ် ကျေးဇူး ကန်းရာ ရောက်သွားမှာပေါ့။ စင်္ကာပူကို ပို့ဆောင်ပေးတဲ့ ဘုရားသခင်ကို ကျေးဇူးတင်တယ်။ စင်္ကာပူရောက်မှ ဘုရားသခင်ကို ပိုသိလာပြီး ပိုအားကိုးချင်လာစိတ်တွေ ပေါ်လာလို့ပါဘဲ။ လူ မလုပ်နိုင်တဲ့ အရာကို ဘုရားသခင်က လုပ်နိုင်လို့ပါ။ ကျွန်မ သက်သေခံချင်တာကတော့ ကျွန်မမှာ ဟို စတန်းလောက်ကတည်းက ညာဘက် ရင်သားမှာ အကျိတ် ရှိခဲ့တယ်။ ဆရာဝန်နဲ့လည်း ပြခဲ့ဖူးတယ်။ ခွဲချင်တယ်လို့ ပြောတော့ သူက ခွဲစရာ မလိုပါဘူး။ ယောကျ်ားယူ ကလေးမွေးပြီး နို့တိုက်ရင် အဲဒီ အကျိတ်က တဖြည်းဖြည်းငယ် သွားလိမ့်မယ်လို့ ပြောပြီး သောက်ဆေး ပေးပြီး ပြန်လာခဲ့ရတယ်။ ကျွန်မလည်း သိပ်ပြီး အဲဒီ အကျိတ်ကို ဂရုမစိုက်တော့ဘူး။ ကျွန်မ အခုဆို ၃၁နှစ် ရှိပြီလေ။ ကြာပြီလေ။ ဒီစင်္ကာပူကို ၂၀၀၄မှာ စပြီး ရောက်တာ။ ၂၀၁၂ အောက်တိုဘာလလောက်မှာ စပြီး နာကျင်မှုကို ခံစားလာရတယ်။ ညာဘက် ရင်တခြမ်းလုံး လက် တဖက်လုံး အရမ်း ကိုက်ခဲပြီး အရိုးထဲ ထိအောင် နာကျင်အောင် ခံစားခဲ့ရပါတယ်။ ကျွန်မ အရမ်းကို ခံစားခဲ့ရပါတယ်။ ကျွန်မ မတတ်နိုင်တော့ဘူးဆိုတာ သိတော့ ရှင်မဿဲ၁၁း၂၈-၃၀ က ကျမ်းချက် အတိုင်း ကျွန်မ မနိုင်တဲ့ ဝန်တွေကို ဘုရားသခင်ဆီ အကုန်ပို့လိုက်တယ်။ ပြီးတော့ ညတိုင်း ဆုတောင်းတယ်။ ကျွန်မရဲ့ စိတ်နလုံးလည်း သက်သာခြင်းသို့ ရောက်ပြီး နာကျင်မှုတွေလည်း ပေါ့ပါးသွားခဲ့တယ်။ ကျေးဇူးတော်ဟာ အရမ်းကို ကြီးမားလှပါတယ်။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ်၁၄၀ ဧပြီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကျွန်မရဲ့ အကျိတ်ကို ပျောက်ကင်းခွင့်ပေးမယ် ဆိုရင် သခင့်စကားမှာ သက်သေခံမယ်လို့ ဘုရားသခင်ကို ကတိပေးခဲ့ပါတယ်။ ကျွန်မ အရမ်း ကြောက်ခဲ့တယ်။ ကျွန်မ အဖိုးဟာ လည်ချောင်း ကင်ဆာနဲ့ သေခဲ့တယ်။ ကျွန်မလည်း မိန်းကလေးတွေ ဖြစ်နေကျ ရင်သားကင်ဆာနဲ့တော့ ကျွန်မ မသေချင်ဘူး။ ကျွန်မ ဆုတောင်းတယ် ဘုရားသခင်ကို မယုံကြည်တာ မဟုတ်ပါဘူး။ ကျွန်မ ဟို ၂၁၊ ၂၂ နှစ် အရွယ်တုန်းက အရမ်း ဆိုးခဲ့တယ်။ ဒါပေမဲ့ ကျွန်မကို လမ်းမှန် ပြန်ရောက်အောင် ဘုရားရှင် ပို့ဆောင်ပေးခဲ့တယ်။ အဲဒီအတွက်လည်း ကျေးဇူးတော် ချီးမွမ်းပါတယ်။ ကွန်မ ဘဝမှာ ပထမ အကြိမ် လမ်းဆုံး ခဲ့ပေမဲ့ ဘုရားသခင်က ကျွန်မကို ပစ်ပယ် မထားပါဘူး။ ကျွန်မ ခေါ်တဲ့ အချိန်တိုင်း ထူးတဲ့ဘုရား။ ကောင်းမြတ်သော ဘုရားဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မဟာ လူသားတစ်ယောက်ပါ။ ဘုရားရှင် ကျွန်မ ဆုတောင်းသံကို နားထောင်ပါ့ မလား။ အဖြေကော ပေးပါ့မလား။ စိုးရိမ်မှုတွေ ရှိနေတုန်းပါဘဲ။ အဲဒီ စိုးရိမ်မှုတွေ ကြောက်ရွံ့ မှုတွေဟာ ကျွန်မကို ဘုရားနဲ့ ဝေးကွာအောင် လုပ်တာပါပဲ။ ကျွန်မ အမှားတွေ အများကြီးလုပ်ခဲ့လို့ ထပ်ပြီး အပြစ်တွေ ပေးအုံးမှာလား ဆိုတဲ့အတွေးတွေ ဝင်လာခဲ့မိတယ်။ ဒဏ်ခတ်အုံးမှာလား ဆိုတာရောပေါ့။ ကွန်မ မေ့နေခဲ့တယ်။ ဘုရားသခင်က အပြစ်ပေးတဲ့ ဘုရား၊ ဒဏ်ခတ်တဲ့ဘုရား မဟုတ်ပါဘူး။ အပြစ်နွံထဲကနေ ကျွန်မတို့ကို နှုတ်တော်မူသော ဘုရားဖြစ်တယ် ဆိုတာကို ကျွန်မ မေ့နေခဲ့တယ်။ ဒါကြောင့် ကြောက်ရွံ့မှုတွေ၊ စိုးရိမ်မှုတွေ ဝင်တယ်ဆိုရင် အဲဒါ စာတန်လက်ချက်ဘဲ ဆိုတာ သိဘို့ လိုပါတယ်။ ဘုရားသခင်ကို ချစ်လာ၊ ယုံကြည်လာ၊ အားကိုး လာပြီ ဆိုရင် ကျွန်မတို့ရဲ့ အားနည်းချက်တွေကို ထုတ်သုံးပြီး ဘုရားနဲ့ အဝေးဆုံးနေရာကို ပို့ချင်တာဟာ စာတန်ရဲ့ ဆန္ဒပဲလေ။ ကျွန်မတို့ အင်အားကုန်ခမ်းပြီး ကျဆုံးခြင်း သို့ ရောက်လာပြီး ဆိုရင် စာတန်ကတော့ ပြုံးပြုံးလေးနဲ့ ဘုရားသခင်ကို ကြည့်ပြီး ဒီ တိုက်ပွဲမှာလည်း သူနိုင်ပြီးဆိုတဲ့ အပြုံးကို အမြဲပိုင်ဆိုင်ထားတဲ့သူ ဖြစ်လို့ပေါ့။ ကျွန်မတို့ရဲ့ ယုံကြည်ခြင်းတွေ အားနည်းလာပြီး ဆိုရင် ပြန်ပြီး ဆုတောင်းပါ။ ယုံကြည်မှုတွေ ခိုင်မြဲလာအောင် ကျွန်မတို့ကို မစပါလို့ပေါ့။ အခုချိန်မှာတော့ တည်ငြိမ်မှုတွေ ပြန်ပြီး ရရှိလာပါပြီ။ ကျွန်မရဲ့ အကျိတ်တွေဟာ ဆုတောင်းခြင်းကြောင့် နာကျင်မှု ဝေဒနာတွေ သက်သာသွားပါပြီ။ အကျိတ်တွေလည်း သေးသေးလေးဘဲ ကျန်ပါ တော့တယ်။ အံ့ဩစရာ ကောင်းလှပါတယ်။ ဘုရားသခင်ဟာ တကယ်ဘဲ စစ်မှန်တဲ့ဘုရား၊ ကိုးကွယ်ထိုက်တဲ့ ဘုရားပါ။ ကျွန်မ ဘဝမှာ စစ်မှန်တဲ့ဘုရား ရရှိထားတဲ့ အတွက်ကြောင့် ဘာမှကို မမျှော်လင့်တော့ပါဘူး။ ကျွန်မတို့ တတွေဟာ အပြစ်သားတွေ ဖြစ်ပါတယ်။

သခင်ယေရှုအားဖြင့် ကျွန်မတို့ တတွေဟာ ကယ်တင်ခြင်းကို ပြန်လည် ရရှိထားကြပါတယ်။ သခင်ယေရှု လက်ဝါးကားတိုင်ပေါ်မှာ အသေခံခဲ့တာ တွေဟာ ကျွန်မတို့ လောကသား အားလုံးအတွက်ပါ။ ကျွန်မတို့မှာ ရှိတဲ့အပြစ်တွေ၊ အနာ ရောဂါတွေ အဲဒီအချိန် ကတည်းက ယူသွားခဲ့ပြီးပြီ။ ကျွန်မတို့ ကသာ မေ့နေခဲ့တာပါ။ အဓိကတော့ ဘုရားသခင်ကို ယုံကြည်ဖို့ တစ်ခုတည်းပါဘဲ။ ယုံကြည်ပြီး ဆက်ကပ် ဆုတောင်းမယ်ဆိုရင် တောင်းတဲ့ ဆုတိုင်းကို ရရှိမှာ အမှန်ပါဘဲ။ ဘုရားသခင်နဲ့ မိတ်သဟာရဖွဲ့မှု နည်းရင်တော့ စာတန် အကြိုက်ဘဲလေ။ ကျွန်မတို့ ဘုရားသခင်နဲ့ ဆုတောင်း အားနည်းပြီ ဆိုရင် စာတန်ကတော့ ဝင်လာပြီး ကျွန်မတို့ရဲ့ ဘဝကို မွှေနှောက် သွားမှာ အမှန်ပါဘဲ။ ကျွန်မတို့မှာ ၂ခုထဲကနေ ၁ခုကို ရွေးချယ်ဖို့ လိုတယ်။ ဘုရားသခင် မျက်ရည်ကျတာကို လိုချင်တာလား။ စာတန် အုပ်စိုးတာကို လိုချင် သလား။ စစ်မှန်သော ၁ခုကို ရွေးချယ်နိုင်ရင်တော့ လောကဟာ အရမ်းကို တန်ဖိုးရှိတဲ့ ဘုရား ပြင်ဆင်ပေးတဲ့ နေ့သစ်ထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ လျှောက်လှမ်း သွားနိုင်မှာ အမှန်ပါ။ ကျွန်မတို့ ယုံကြည်တဲ့ ဘုရားသခင်ဟာ အသက်ရှင်တဲ့ဘုရား၊ တန်ခိုး ကြီးတဲ့ဘုရား၊ အရာခပ်သိမ်းကို ပိုင်စိုးတဲ့ဘုရား၊ အောင်နိုင်တဲ့ဘုရား ဖြစ်ပါတယ်။ သူ ကမ်းတဲ့ လက်ကို ဆွဲကိုင်လို့ ရှိရင်ဖြင့် တစ်သက်တာ ထာဝရ အသက်ကို ပိုင်ဆိုင် သွားမှာပါ။ ကျွန်မကို ယုံကြည်သူ မိသားစု ဘဝထဲက မွေးဖွားခွင့် ပေးတဲ့ ဘုရားရှင် ကိုလည်း အရမ်းဘဲ ကျေးဇူးတင်မိပါတယ်။ ကျွန်မတို့ ယုံကြည်သူ အယောက်စီ တိုင်းမှာ ပိုင်ဆိုင်ထားတဲ့ ဘုရားသခင်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားဖို့ လိုပါတယ်။ ဒါဆိုရင် ဘဝမှာ ဘာအခက်အခဲ ပြဿနာမျိုးပဲ ကြုံရ ဆုံရပါစေ။ အားလုံးကို ကျော်လွှားနိုင်မှာ အမှန်ပါဘဲ။ ယုံကြည်ပြီး ဆက်ကပ်ဆုတောင်းဖို့ပဲ လိုပါတယ်။ ကျွန်မလိုပဲ ယုံကြည်သူ ခရစ်ယာန် အယောက်စီတိုင်းလည်း ဘုရား သခင်ရဲ့ မေတ္တာကို မြည်းစမ်းပြီး ပျော်ရွှင် တဲ့ အသက်တာကို ထာဝရလျှောက်လှမ်း နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။ ။ *လမင်း ( ထားဝယ်)*

## **ကျေးဇူး** *ဖွန်ပန်း*

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် လောကကြီးထဲမှာ လူ အဖြစ် အသက်ရှင် ခွင့်ရခဲ့တယ်။ ခရစ်ယာန် အသိုင်းအဝိုင်းကြားမှာ လူ ဖြစ်ခွင့် ရခဲ့တဲ့ ကျေးဇူး ... ကျေးဇူးတရားတွေ သိတတ်အောင် ဦးနှောက် နဲ့ အသိဉာဏ်တွေ ပေးတဲ့ ဘုရားရှင်ကို အထူးကျေးဇူး တင်မိပါတယ်။ ကျွန်မရဲ့ ဖခင်ကြောင့် အရာရာ ပြင်ဆင်တတ်တဲ့ အကျင့် ရခဲ့တယ်။ ကျွန်မ ငယ်ငယ်ထဲက အနီးကပ် သင်ခဲ့တဲ့ အရာဟာ ဘာဘဲလုပ်လုပ် ဦးဆုံး ပြင်ဆင် ရမယ် တဲ့။ ဥပမာ ထမင်းဟင်း ချက်မယ်ဆိုရင် ဘာတွေလိုအပ်သလဲ လိုအပ်မဲ့ ပစ္စည်း အားလုံး ဘေးမှာ အရံသင့် ပြင်ဆင်ပြီးမှ အလုပ်ကို စရမယ်တဲ့။ အမေကတော့ စေ့စပ်သေချာတဲ့ အလုပ်တစ်ခုကို လုပ်တတ်အောင် သင်ပေး ခဲ့တယ်။ အလုပ်တစ်ခုကို ဖြေးဖြေးနဲ့ မှန်မှန်လုပ်။ နှစ်ခါ ပြန်မလုပ်ရအောင် မိမိရဲ့ အလုပ်ကို စေ့စေ့စပ်စပ် လုပ်ရမယ်တဲ့။ အရေးကြီးရင်ကြီးသလို၊ အမြန်လိုရင် လိုသလို မိမိရဲ့ ဦးနှောက်သုံးပြီး စေ့စပ်အောင် လုပ်ဆောင်ရမယ်တဲ့။ ကျွန်မရဲ့ အလုပ်ရှင် သူဌေးကတော့ စေ့စပ် သေချာပြီး ဒေါင့်စေ့အောင် ခိုင်းတတ်တော့ လုပ်ရင်း လုပ်ရင်းနဲ့ အရာရာ တတ်ကျွမ်းခဲ့ရတယ်။ ဒါတွေ အားလုံး အတွက် ကျေးဇူး အထပ်ထပ် တင်မိပါတယ်။ အားလုံးသော မောင်နှမ များလည်း ကျေးဇူးတရာ ရင်မှာ ပိုက်ထွေးနိုင်ပါစေလို့၊ အသက်ရှင်ခွင့်ပေးတဲ့ ဘုရားရှင် အရာရာ ပြင်ဆင် တတ်အောင် သင်ပေးတဲ့ ဖခင်။ စေ့စပ်မှု ပေးတဲ့ မိခင်နှင့်တကွ ဤ နိုင်ငံ ကို ရောက်လာအောင် အဖဘုရားရဲ့ ပြင်ဆင်ခြင်း၊ စိတ်နှလုံး ထိတွေ့မှုကြောင့် အလုပ် တာဝန်ပေးပြီး တတ်ကျွမ်းမှုရှိအောင် သင်ပေးတဲ့ အလုပ်ရှင် အားလုံးကို ကျေးဇူး အထူးတင်လျှက် - အားလုံးကို ချစ်တဲ့ - **ဖွန်ပန်း**

------------------------------------------------------------



## **နှလုံးသားထဲမှ ခေါင်းလောင်းထိုးသံ** *မာရာနသာ နီနီခိုင်*

မမျှော်လင့်တဲ့ တနေ့မှာ ကျွန်မရဲ့ ဒူးခေါင်းကို ဘီဒိုစောင်းနဲ့ ဆောင့်မိပါတယ်။ တချိန်တည်း တပြိုင်နက်မှာ ကျွန်မ ဘာကိုခံစားရသလဲ ဆိုရင် ဒူးခေါင်းရဲ့ နာကျင်မှု ဟာ နှလုံးသားဆီမှာ ပါလာပြီး ဝေဒနာကို ခံစားရပြီး အသက်ရှူလို့ မရအောင် ခံစား ခဲ့ရပါတယ်။ ညရောက်လို့ အိပ်တော့လည်း ဒူးခေါင်းရဲ့ နာကျင်မှုဟာ မျက်စိ မှိတ်လို့ မရ။ စိတ်ထဲမှာလည်း အရမ်း နာတယ်ဆိုတာ ဘဲသိနေတယ်။ ဘာကြောင့်လဲ ဆိုတော့ ခန္ဓာကိုယ် အစိတ်အပိုင်း တခုက နာကျင်နေလို့ တခြား အင်္ဂါ အစိတ်အပိုင်းများလည်း ခံစားရခြင်း ဖြစ်ပါတယ်။ကျွန်မတို့ကို သူတပါးက နင်သိပ်တော်တာပဲ၊ သိပ်လှတာပဲ အစရှိ သဖြင့် ချီးမွမ်း ခြင်းကို ခံရမယ်ဆိုရင် ပါးစပ်ကလည်း နားရွက်ချိတ်မတတ် ရယ်မိပြီး တောက်ပ ရွှင်လန်းတဲ့ မျက်လုံးအစုံကို ထောက်ခံတဲ့ မျက်ခုံး ကလည်း ပင့်တင်ကာ စိတ်ထဲမှာ လည်း ဝမ်းမြောက်ခြင်း၊ ရွှင်မြူးခြင်းများ လှုပ်ရှားမှုများ၌လည်း ပေါ့ပါး သွက်လက်မှုကို တပြိုင်နက် ခံစားရပါတယ်။ ဒါကလည်း အင်္ဂါတခုရဲ့ ချီးမွမ်းခံရခြင်းကို တခြား အင်္ဂါ များလည်း အတူခံစားရခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁ကော ၁၂း၂၆ အင်္ဂါ တခု ဆင်းရဲခြင်း ခံရလျှင်၊ အင်္ဂါ အပေါင်းတို့သည် အတူခံရကြ၏။ အင်္ဂါ တခုသည် ချီးမြှောက်ခြင်းကိုခံရလျှင် အင်္ဂါ အပေါင်းတို့သည် ဝမ်းမြောက်ခြင်းကို ခံစားရကြ၏။ လို့ နှုတ်ကပတ်တော်က ပြောထားခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ယုံကြည်သူတွေ အသက် တာကို တမန်တော် ရှင်ပေါလုဟာ သင်တို့ သည် ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏။ အသီးသီး အင်္ဂါတော် ဖြစ်ကြ၏။ ၁ကော ၁၂း၂၇။ တဲ့။ ဒီကနေ့ ဘုရားကျောင်းမှာ ငါကတော့ ဘယ်နေရာမှာ ပါဝင်တယ်ဆိုပြီး မာန်မာန ထောင်လွှား စရာမလိုသလို ငါကတော့ မပါဝင်နိုင်ဘူးဆိုတဲ့ သိမ်ငယ် အားငယ်တဲ့ စိတ်မျိုး မထားပဲနှင့် ခရစ်တော် ရဲ့ အင်္ဂါချင်း အဖြစ်နှင့် ကိုယ်ဟာ မျက်စိလား၊ ခြေလား၊ လက်လား ဆိုတာကို ဘုရား ပေးထားတဲ့ ပင်ကိုယ် အရည်အသွေးနဲ့ ခရစ် တော်ကို ကယ်တင်ရှင် အဖြစ် လက်ခံရင်ရတဲ့ ဆုကျေးဇူးကို ပေါင်းရင် သာယာလှပတဲ့ အင်္ဂါများ ဖြစ်လာမှာပါပဲ။ ဒါကြောင့် မို့ အင်္ဂါချင်းဖြစ်တဲ့ အစိတ်အပိုင်းများဟာ လူတဦးက ပြဿနာ ဒုက္ခ ဆင်းရဲခြင်းကို ခံနေရပြီးဆိုရင် တခြားအင်္ဂါ အပေါင်းက ဆုတောင်းခြင်း၊ မေတ္တာပြခြင်း နှင့် ဘုရားဘုန်းထင်ရှား နိုင်သလို လူ တဦးက ကျေးဇူးတော်ကို ခံစားရ ရင်လည်း အတူ ကျေးဇူးတော် ချီးမွမ်းပြီး ဘုရားရဲ့ ဘုန်းတော် အကြောင်းကို တကမ္ဘာလုံး သိအောင် ရောက်လေရာ နေရာတိုင်းမှာ သက်သေခံ ဖို့ဖြစ်ပါတယ်။ ကျွန်မတို့ ဆီမှာ small group ဆိုတဲ့ အဖွဲ့ဝင် ၁၀ ယောက်လောက်ရှိတဲ့ အဖွဲ့ ကလေးဟာ ၂ ပတ်တခါ တွေ့ဆုံပြီး ခရစ်တော်ရဲ့ အင်္ဂါချင်း အနေနဲ့ ပါဝင်ကာ အကူအညီ လိုတဲ့ အခါ အကူအညီပေး၍ ဆုတောင်း မေတ္တာပြသလို ကျေးဇူးတော် ခံစားရရင်လည်း အတူ ကျေးဇူးတော် ချီးမွမ်းကြပါတယ်။ အတူတကွ တွေ့ဆုံပြီး လက်တွဲတဲ့ သက်တမ်း ကြာလာသည်နှင့်

အမှု တဦးရဲ့ အားနည်းမှုများကိုလည်း သိ၍ အသိပေး တည် ဆောက်ပေးကြပါတယ်။ ကျွန်မဟာ ကောင်းကြီးမင်္ဂလာများစွာ ခံစားရတဲ့ အချိန်မှာ ဘုရားကို မေ့တတ် လာပါတယ်။ နေရာ တကာ နှုတ်ကပတ်တော် နဲ့ ပြည့်နေတဲ့ ကျွန်မဟာ လောကရဲ့ အလုပ် ပင်ပန်းခြင်း၊ အိပ်ချင်အား ကြီးခြင်း၊ နာကျင် ကိုက်ခဲခြင်းများကို ခံစား၍ စာ မရေးတာ ၅လ ကြာခဲ့တဲ့ အချိန်မှာ small group ထဲက အစ်မက ကျွန်မဆီ စာရေးတဲ့ အသံ မကြားရတာ ကြာပြီးနော်လို့ ကျွန်မရဲ့ နလုံးသား ခေါင်းလောင်းကို လှမ်းတို့ ပေးလိုက် ပါတယ်။ ကျွန်မဟာ ကျမ်းစာ အများကြီး ဖတ်ပြီး ပျော်နေ၊ ဆင်ခြင် အောက်မေ့ တဲ့ အသက်တာ မရှိတော့ လို့ပါပဲ။ အစ်မက ဘာပြောသလဲဆိုရင် ဘုရားက အရားအားလုံးကို ပေးနိုင်တယ်။ ကိုယ်ခံစားရတဲ့ ကောင်းကြီးအောက်မှာ မြုပ်မသွားပဲနဲ့၊ ဘုရားရဲ့ ဘုန်းထင်ရှားဖို့ရန် အတွက် ဖြစ်တယ်။ ဒါနဲ့ ကျွန်မ ကျမ်းစာဖတ်တော့ ရှောလမုန်မင်းကြီး အကြောင်း ဖတ်ဖြစ် ပါတယ်။ သူ ရေသောက်တဲ့ ခွက်ဟာ ရွှေခွက်၊ ငွေခွက် ဖြစ်ပါတယ်။ ကျွန်မ ဆင်ခြင်မိတာကတော့ သူဟာ ဘုရားသခင်ရဲ့ ကောင်းကြီး မင်္ဂလာကို တော်တော် ခံစားရတာပဲ။ အဲဒီ အချိန်မှာ ဘုရားသခင်က ကျွန်မ ကို စာရေးဖြစ်အောင် ခေါင်စဉ် တစ်ခုပေး လိုက်ပါတယ်။အဲဒီ ခေါင်းစဉ်က နလုံးသားထဲမှ ခေါင်းလောင်းထိုးသံ ပဲဖြစ်ပါတယ်။ ကျွန်မတို့ တယောက်ကို တယောက် ဖေးမ လက်တွဲ ကူညီတဲ့ အချိန်မှာလည်း ချစ်ခြင်း၊ သည်းခံခြင်း၊ နှိမ့်ချခြင်းများနှင့် ပေါင်းသင်း ဆက်ဆံကြမယ်ဆိုရင် ခရစ်တော်နှင့် သဏ္ဍာန်တူတဲ့ ယုံကြည်သူ အသက်တာ ကို တက်လှမ်းနိုင်ပါစေလို့ ဆုတောင်းရင်း.....။ **မာရာနသာ နီနီခိုင်**

---

## **ဘုရားသခင်၏ဒုတိယလူ** God's Second Man *(အန်အရှူး)*

(မ၊၁း၁၈-၂၅။ဖိ၊၂း၅-၁၁။ဧ၊၁း၂၀-၂၃)"အကြောင်းမူကား၊ တယောက်သော သူသည် နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည်နည်းတူ၊ တယောက်သော သူသည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏" (ရော၊၅း၁၉)

**လူက ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်း။** ဘုရားက ပထမဆုံးလူ၊အာဒံကိုဖန်ဆင်း၏။ သူ၏ဘုန်းကိုထင်ရှားစေရန် လူမျိုး နွယ်ကို အလိုရှိတော်မူ၏။ သို့သော် အာဒံသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခဲ့၏။ အာဒံသည် မိမိတဦးထဲ အပြစ်သား ဖြစ်ခဲ့ခြင်းသာ မဟုတ်၊ လူသားအားလုံး ကိုလည်း အပြစ် သားများဖြစ်စေ၏။ ဘုရားသခင်၏ အသက်ရရှိရမည့် အစား ဘုရားသခင်နှင့် အဆက်ပြတ် ခဲ့၏။ ဘုရား၏ပကတိ ရှိရမည့်အစား၊ လူသည်အပြစ်နှင့် အတ္တအုပ်စိုးခြင်းသာရှိ၏။ ဤကမ္ဘာ လောက ကို အုပ်စိုးရမည့်အစား အပြစ်နှင့် စာတန်၏ကျွန် ဖြစ်ခဲ့ရ၏။ လူ၊ အပြစ်သား မျိုးနွယ်သည် ဘုရား၏ ဘုန်းတော်နှင့် ရည်ရွယ်ချက်ကို မည်ကဲ့သို့ ပြည့်စုံစေနိုင်မည်နည်း။ အဖြေမှာ၊ မဖြစ်နိုင်ပါ။ ဘုရားသခင်သည် သူ၏ဘုန်းကိုထင်ရှားစေမည့်၊ လူမျိုးကို အလိုရှိနေဆဲ ဖြစ်သည်။ ဘုရားက ဘယ်လို လုပ်လိမ့်မည် နည်း။ အခြားသော သူ တယောက်ဖြင့် လုပ်ဆောင်လိမ့်မည်။ တယောက်သောသူအားဖြင့် လူများတို့သည် ပျက်စီးခြင်းသို့ ရောက် ခဲ့စဉ်ကပင်၊ တယောက်သောသူ၊ ယေရှုခရစ် အားဖြင့် လူမျိုးများကို ကယ်တင်ရန်ပြင် ဆင်ထားပေလိမ့်မည်။ (ရော၊၅း၁၉)

**ဘုရားသခင်၏ဒုတိယလူ။** ဘုရားသခင်၏ပထမလူသည် ဘုရား၏ဘုန်းတော်ကို ထင်ရှားစေရန် ပျက်ကွက် ခဲ့ခြင်းကြောင့် သူ၏ဘုန်းကို ထင်ရှား စေမည့် မျိုးနွယ်သစ်၏ ဦးခေါင်းဖြစ်ရန် ဒုတိယလူ ရှိရပေမည်။ ဘုရားကသူ၏သားတော်ကို ဒုတိယလူဖြစ်ရန် ရွေးချယ်ခဲ့၏။ (၁ကော၊ ၁၅း၄၇ခ) ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်၍ ကယ်တင်ခြင်းသို့ရောက်ရန် အလိုရှိ၏။ ကျွန်ုပ်တို့ကို ကယ်တင်ရန် သူ၏သားတော်ကို ဤလောကသို့ စေလွှတ်၍ သားတော် သည်လည်း လူများ၏အပြစ်အတွက် အသေခံပေလိမ့်မည်။ ထိုနောက် ဘုရား၏ သားသမီးများ ဖြစ်ကြသော မျိုးနွယ်သစ်၏ ဦးခေါင်းဖြစ်စေရန် တဖန်ရှင်ပြန် ထမြောက်ရလိမ့်မည်။ သခင် ယေရှုသည် သူ၏ အသေခံခြင်းနှင့် ထမြောက်ခြင်း အားဖြင့်၊ ကျွန်ုပ်တို့သည်အာဒံ၏ အပြစ်သား မျိုးနွယ်ဘ၀မှ ဘုရား၏သားသမီးများ ဖြစ်လာရန် ပြုလုပ်လိမ့်မည်။ ဘုရား သခင်က မည်ကဲ့သို့ ပြုလုပ်ပေးခဲ့သည်ကို ရှုစားကြပါစို့။ ပထမ အဆင့် သည် လူဇာတိခံယူခြင်းဖြစ်၏။ လူဇာတိခံယူခြင်းသည် ဘါကို ဆိုလို ပါသနည်း။ ဘုရား သခင်က လူသားဖြစ် လာ ခြင်းဖြစ်သည်။ ဘုရားသခင်၏ သားတော် ကိုယ်တိုင် လူသား တဦးအဖြစ် ခံယူခြင်းဖြစ်သည်။ (ယော၊၁း၁,၁၄) လူကိုဖန်ဆင်းခဲ့သောသူသည်၊ ကိုယ်တိုင် လူဖြစ်လာခဲ့ခြင်း ဖြစ်သည်။ ဤအရာကား နက်နဲသော မဟာသစ္စာတရား ဖြစ်သည်။ သာ၍ကြီးစွာ သော နက်နဲခြင်းကား ဘုရားသခင်က လူသားတဦးအဖြစ်၊ ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ ပထမလူ၊ အာဒံသည် အရွယ် ရောက် လူတဦး အဖြစ် ဖန်ဆင်းခြင်း ကိုခံရ၏။ သို့သော် ဒုတိယလူ၊ ယေရှုခရစ်သည်၊ ကလေးငယ်တဦးအဖြစ် ဤလောကသို့ ဝင်ရောက်လာခဲ့၏။ သခင်ယေရှုသည် အပျိုကညာဝမ်းမှ ဘွားမြင်ပြီး၊ သူ၌ လူသားဖခင်မရှိပါ။ သူ၏ ဖခင်မည်သူနည်း။ ထာဝရဘုရားသခင်သည် သူ၏ အဘ ခမည်းတော် ဖြစ်တော်မူ၏။ သူ၏ မိခင်မာရိသည် လက်ထပ်ထိမ်းမြားရန် ယောသပ်နှင့် စေ့စပ်ထားသူ ဖြစ်၏။ သူတို့ အတူတကွ လက်ထပ်ထိမ်းမြားခြင်း မခံမှီ၊ ကောင်းကင်တမန်သည် မာရိထံပေါ်လာပြီး ပြောသည်မှာ "ကောင်းကင်တမန်ကလည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည်သင်၏ အပေါ်မှာ သက်ရောက်တော်မူ၍ အမြင့်ဆုံးသောဘုရား၏ တန်ခိုး အာနုဘော် တော်သည် သင့်ကို လွှမ်းမိုး လိမ့်မည်။ ထို အကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည် လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်"ဟု ဆို၏။ (လု၊၁း၃၅) ယောသပ်ထံ၌လည်း ကောင်းကင်တမန်သည် ပေါ်လာပြီးပြောသည်မှာ "ထိုသို့ ကြံစည်၍ နေစဉ်တွင်အိပ်မက်ကိုမြင်ရ သည်မှာ၊ ထာဝရဘုရား ၏ ကောင်းကင်တမန်သည် ထင်ရှား၍၊ ဒါဝိဒ်အမျိုးယောသပ်၊ သင်၏ခင်ပွန်းမာရိကို ထိန်းသိမ်းရမည် အခွင့် ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည် သန့်ရှင်းသော ဝိညာဉ်တော်ကြောင့်ဖြစ်၏။ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ ထို သားသည် မိမိလူတိုအပြစ်မှ ကယ်ချွတ် မည်သူဖြစ်သောကြောင့်၊ ယေရှု ဟူသော အမည်ဖြင့်မှည့်ရမည်ဟု ကောင်းကင်တမန် ဆို၏" (မ၊၁း၂၀-၂၁)။ ယေရှု ဟူသော နာမည်၏ အဓိပ္ပါယ်မှာ "ကယ်တင်ရှင်" ဖြစ်၏။

**ယေရှုခရစ်သည် ဘုရား-လူသား ( God-Man)ဖြစ်သည်။** ယေရှုခရစ်ကို (ဘုရား-လူသား)ဟုခေါ်၏။ သူသည် ဘုရားဇာတိ ပြည့်စုံခြင်းနှင့် လူသားဇာတိပြည့်စုံခြင်း အပေါင်းဖြစ်တော်မူ၏။ သူသည် ဘုရားဖြစ်၏။ သူ၏အဘသည် ထာဝရဘုရား ဖြစ်သောကြောင့်ဖြစ်၏ မာရိသည်သူ၏ မိခင်ဖြစ်သောကြောင့် သူသည် လူသား တဦးဖြစ်၏။ သူသည် ဘုရားသခင်နှင့် တလုံးတဝတည်း ဖြစ်သကဲ့သို့လူသားမျိုးနွယ် နှင့်လည်း တလုံးတဝတည်းဖြစ်၏။ ခမည်းတော် ဘုရားသခင်၏ တပါးတည်းသော သားတော် ဖြစ်သောကြောင့် "ဘုရားသားတော်"ဟု ခေါ်၏။ သူ့ကို"လူသားတော်" ဟု ခေါ်သောကြောင့် လူသားအပေါင်း ကိုလည်း ကိုယ်စားပြု၏။ (၁တိ၊၃း၁၆က) ဘုရားသခင်၏ သားတော်သည် ဤလောကသို့ လူသားတဦးအဖြစ် ဘာ ကြောင့် ကြွလာခဲ့ရပါသနည်း။ အလွန် အရေးကြီးသော အကြောင်းအရာ နှစ်ချက် ကြောင့် ဖြစ်သည်။

၁။ မာရ်နတ်၏အမှုများကို ဖျက်ဆီးရန်ယေရှုလာခြင်းဖြစ်၏။ကျမ်းစာက "မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှါ၊ ဘုရားသခင်၏ သားတော်သည် ထင်ရှား ပေါ်ထွန်း တော်မူ၏"ဟုဆို၏။ (၁ယော၊၃း၈)

၂။ သူသည် ကျွန်ုပ်တို့ကို အာဒံ၏အပြစ်သားမျိုးနွယ်မှ ထွက်မြောက်ရာလမ်းကို ပြုလုပ်ပေးရန်နှင့် ဘုရား၏ အိမ်ထောင်မိသားစုထဲသို့ ရောက်ရာလမ်းကို ပြုလုပ်ရန် လာခြင်းဖြစ်၏။ ဤသည်ကား ကယ်တင်ခြင်း၏အဓိပ္ပါယ်ဖြစ်သည်။ ပထမလူ၊ အာဒံသည် စုံစမ်းစစ်ဆေးခြင်းကို ခံရ၏။ ဒုတိယလူ၊ ယေရှုသည် လည်း စုံစမ်းစစ်ဆေးခြင်းကို ခံရန်လိုအပ် ၏။ စာတန်က သုံးကြိမ်တိုင် ယေရှုသည်မိမိ၏ အလိုကိုသာလုပ်ဆောင်ရန်စုံစမ်းခဲ့၏။ ယေရှု သုံးကြိမ်စလုံး ငြင်းပယ်၏။ စာတန်ရှုံးခဲ့၏။ ပထမလူ အာဒံသည် ဘုရား၏စကားကို နားမထောင်ခြင်းကြောင့်၊ စာတန် အောင်နိုင် ခဲ့၏။ ဒုတိယလူ၊ ခရစ်တော်သည် ဘုရား၏ စကားကို နာခံခြင်းကြောင့် စာတန် ၏အပေါ် အောင်နိုင်ခဲ့၏။ သခင်ယေရှုသည် အခြားသော စုံစမ်းမှုများကိုလည်း သူ၏ အသက် တာ၌ ရင်ဆိုင် ခဲ့ရ၏။ သို့သော် အောင်နိုင်ခဲ့၏။ အဘယ်ကြောင့် ဆိုသော် သူ့ ခမည်း တော်၏ အလိုကို သာ လုပ်ဆောင်ခြင်းကို နှစ်သက်သောကြောင့်ဖြစ်၏။ (ဟေဗြဲ၊၅း၈)။ ယေရှုသည် အရာရာ၌ သူ့ခမည်းတော်ကို နာခံရန် သင်ယူခဲ့၏။ လက်ဝါး ကပ်တိုင် အပေါ် နောက်ဆုံး နှင့် ကြီးစွာသော စုံစမ်းစစ် ဆေးခြင်းကို ခံရန် ပြင်ဆင်ခဲ့၏။ တလောကလုံး၏ အပြစ်များကို ခံယူရန်ယေရှုသည် ဘုရား၏ သိုးသငယ် အဖြစ် လာခဲ့၏။ (၂ကော၊၅း၂၁) ဂေသရေမန်ဥယျာဉ်၌ ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များကို မည်ကဲ့သို့ ခံယူ ရမည်ကို စဉ်းစားရင်း၊ မျက်နှာကိုအပ်လျက်ဆုတောင်း ခဲ့သည်မှာ "အကျွန်ုပ်အဘ၊ ဤခွက် သည် အကျွန်ုပ်ကို လွန်သွားနိုင်လျှင် လွန်သွားပါစေသော"သူ၏ စိတ်ဝေဒနာသည် အလွန်မှ ကြီးမားသောကြောင့် ချွေးသည် သွေးစက်ခဲကဲ့သို့ ကျတော်မူ၏။ သို့သော် သူသည် ခမည်း တော်၏ အလိုတော်ကို အမြဲ နာခံသူဖြစ်၏။ ဆက်၍ ဆုတောင်းသည်မှာ "သို့သော်လည်း အကျွန်ုပ် အလိုရှိသည့်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်း (မ၊၂၆း၃၉) (လု၊၂၂း၄၂) သခင်ယေရှုကို ပိလတ်မင်းရှိရာ ရောမအစိုးရရုံးတော်သို့ ခေါ်ဆောင် ခဲ့၏။ ထို နေရာ၌ သူ၏အဝတ်ကို ချွတ်ပြီးဆူးများ ပါသော သားရေဖြင့် ပြုလုပ် ထားသော ကြာပွတ်နှင့် ရိုက်တော်မူ၏။ ဆူးများကို သတ္တုစ(သို့)အရိုးစများဖြင့် ပြုလုပ် ထားခြင်းဖြင့် အသား များကို ရှန စေရန်ဖြစ်သည်။ သူသည် ကဲ့ရဲ့ခြင်း၊ လှောင်ပြောင်ခြင်းနှင့် တံထွေးနှင့် ထွေးခြင်းကို ခံရ၏။ သူ၏ မျက်နှာသည် ထိုးခြင်းခံရသောကြောင့် ဖူးရောင် နေ၏။ သူ၏ ဦးခေါင်း၌လည်း ဆူးသရဖူကို လှောင်ပြောင်၍ ဆောင်းခြင်းကို ခံရ၏။ သူ့ကို အသေခံရန်နေရာ၊ ကရာနီသို့ လက်ဝါးကပ်တိုင် ကို ပေးလျက် ထမ်းစေ၏။ ကရာနီကုန်းပေါ် ၌လည်း စာတန်သည် ယေရှုကို အခြားသော တစုံတရာကို လုပ်ဆောင်ခြင်းဖြင့် စုံလင်သော ကယ်တင်ရှင် မဖြစ်စေရန် အစွမ်းကုန် ကြိုးစားခဲ့၏။ စာတန်သည် နည်းလမ်းပေါင်းစုံ လုပ်ဆောင် ခဲ့သော်လည်း ယေရှုသည် ဘုရားသခင်ကို စိတ်နလုံး အကြွင်းမဲ့ ဆက်လက် ချစ်နေဆဲဖြစ်၏။ သူ၏ နောက်လိုက် များကိုလည်း ချစ် နေဆဲဖြစ်၏။ မိမိကိုယ်ကို သနားခြင်းကို ငြင်းပယ်ပြီ၊ သူ့ကိုယ်ကို သူ ကယ်တင် လိမ့်မည် မဟုတ်ပါ။ သူသည် သေသည့် တိုင်အောင် နာခံ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၄၀ ဖေဖြီလ ၂၀၁၃ ခုနှစ်၊
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တော်မူ၏။ လက်ဝါး ကပ်တိုင်ပေါ် သေ သည့်တိုင်အောင် ဖြစ်၏။ ဘုရားသခင်၏ ဒုတိယ လူသည်၊ သူ့အသက်တာ နောက်ဆုံးပိုင်း၌ ပြောနိုင်ခဲ့သည်မှာ "အကျွန်ုပ် သည် မြေကြီး ပေါ်မှာ ကိုယ်တော်၏ ဘုန်းကိုထင်ရှား စေပါပြီ။ အကျွန်ုပ် ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌ အပ်ပေးတော်မူသော အမှုကို အကျွန်ုပ် ဆောင်ရွက် ၍ ပြီးပါပြီ။"ဟု ဆို၏။(ယော၊၁၇း၄) သုံးဆယ်သုံးနှစ်တိုင် အသက်ရှင်ခဲ့သော သခင်ယေရှု၏ ခန္ဓာကိုယ်အလောင်း ကို လက်ဝါး ကပ်တိုင်ပေါ်မှ ချပြီး သင်္ချိုင်းအဝတ်နှင့် ပတ်ရစ်ကာ သေဌေးတဦး၏ ဂူတွင် မြုပ်နှံ ထား လေ၏။ ဂူအတွင်းသူ၏ခန္ဓာသည် သုံးရက်နှင့်သုံးည လည်းလျောင်းတော် မူ၏။ ထိုနောက်မှ တစုံတခုသော အံ့ဘွယ် နိမိတ်ဖြစ်ခဲ့၏။ ယေရှုသည် ဘုရားသခင်၏ ကြီးစွာသော တန်ခိုးဖြင့် သေခြင်း မှထမြောက်ခဲ့၏။ ဘုရား သခင်၏ ဒုတိယ လူသည် ခမည်းတော်ကို အရာ ခပ်သိမ်းတို့၌ နာခံခဲ့၏။ သေခြင်းသည် သူ့ကို မထိန်းချုပ် ထားနိုင်ခဲ့ပါ။ သူသည် သင်္ချိုင်းမှ ထမြောက်ခြင်းဖြင့် အပြစ်၊ သေခြင်းနှင့် စာတန်အပေါ် ထာဝစဉ် အောင်နိုင်ခဲ့ပြီ။ သခင် ယေရှုသည် ရှင်ပြန် ထမြောက်သော ခန္ဓာ ဖြင့် တပည့်တော် များကို ထင်ရှားပြပြီ ၊လက်တွင် သံရိုက်ရာများနှင့် သူ၏ နံဘေးတွင် လှံနှင့်ထိုးခြင်း ခံရသော အမှတ်ကိုပြသခဲ့၏။ ယေရှုခရစ်၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် စကြာ ဝဠာသမိုင်း၌ အရေး ကြီးဆုံးသော ဖြစ်ပျက် မှုကြီးဖြစ်၏။ ယေရှုခရစ်၏ လက်ဝါးကပ်တိုင် အကြောင်း အရာသည် လူသား မျိုးနွယ်၏ အပြစ်နှင့် စာတန်နှင့်သူ၏နောက်လိုက် ပုန်ကန် ကျ ဆင်းခဲ့ သော တမန်များကို ရင်ဆိုင် ဖြေရှင်းရန် ဘုရားသခင်၏ မဟာအကြံ အစည် တော်ဖြစ်၏။ ယေရှုသည် ကားတိုင်ပေါ်သေစဉ် စာတန်သည်ကြီးစွာသော အောင်မြင်ခြင်း ဖြစ်သည်ဟု သူ ယူဆခဲ့၏။ ဤကားသူ၏အရှုံး ဖြစ်၏ စာတန် ထင်မြင် ခဲ့သော ဘုရား၏ သားတော်၏ အသက်တာ အဆုံးသတ်ခဲ့သော ကါးတိုင်တရားသည်နောက်တွင် သူ၏ အမှားဖြစ်လာ၏။ ယေရှု ခရစ်၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင် သည် မာရ်နတ်၏ အမှုများကို ဖျက် ဆီးပြီ၊ သူ ကျွန်ပြုထားသူများကို လွတ်မြောက်စေခဲ့၏။ ကျမ်းစာက "ထို သူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံ ကြသောကြောင့်၊ ခရစ်တော် သည် အသေ ခံတော်မူ သော အားဖြင့်၊သေခြင်းတရားကို အစိုးရသော သူတည်းဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှါ၎င်း၊ သေဘေးကိုကြောက်၍ တသက်လုံး ကျွန်ခံရ သော သူတို့ကို ကယ်လွတ်ခြင်းငှါ၎င်း၊ ထိုသူငယ်တို့၏နည်းတူ အသွေးအသား ကို ဆောင်ယူ တော်မူ၏" ဟုဆိုသည်။ (ဟေဗြဲ၊၂း၁၄-၁၅) သခင်ယေရှုခရစ်သည် ရှင်ပြန် ထမြောက်ပြီးနောက်၊ မြေကြီးပေါ်၌ ရက်ပေါင်း လေးဆယ် ကိုယ်ထင်ရှား ပြတော်မူ၏။ သူ့ကို လူများစွာ မြင်ခဲ့ရ၏။ အဖြစ်အပျက်တခု၌ တပည့်တော် ငါးရာ ထက်မက ကိုသူ ထင်ရှားပြခဲ့၏။ ကောင်းးကင်ဘုံသို့သူ ပြန်မတက် ကြွခင်၊ သူ၏ တပည့်များကို လောက ကြီးထဲသို့ သွား၍လူတိုင်းတို့အား ဝမ်းမြောက်ဘွယ် ဧဝံဂေလိ



သတင်းစကားကို ဟောပြောရန် အမိန့်ပေးခဲ့၏။ သူတို့၌ အံ့ဘွယ်ဂတိ စကား ကိုလည်း ပေးခဲ့၏။ "ငါသည် လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင်သင်တို့နှင့် အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော် တို့အား မိန့်တော်မူ၏"(မ၊၂၈း၂၀) တပည့်တော်တို့သည် ကြည့်ရှုလျက် နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူ၍ မိုဃ်းတိမ်သည် ကိုယ်တော်ကို မျက်ကွယ်အောင်ခံယူလေ၏။ သူ၏ဘုန်းနှင့်ပြည့်စုံသော၊ ရှင်ပြန်ထမြောက် သော ခန္ဓာဖြင့် သခင်ယေရှုသည် မြေကြီးကို စွန့်ခွါပြီ၊ မိုဃ်းတိမ်ကို ဖြတ်လျက်၊ သူသည် ကောင်းကင် ဘုံသို့ပြန်သွားခဲ့၏။

**အရာခပ်သိမ်းတို့၏သခင် သခင်ယေရှုခရစ်။** ဘုရားသခင်သည် သူ၏ ဒုတိယလူ ယေရှုခရစ် ကို အရာခပ်သိမ်းတို့၏ သခင် ဖြစ်စေခြင်းငှါ ခန့်ထားတော်မူ၏။ သခင်ယေရှုခရစ် ၏ မိမိ ကိုယ်ကိုနှိမ့်ချခြင်းနှင့် ခမည်း တော်၏ ချီးမြောက်ခြင်းကို ဖေါ်ပြသော လုပသော ကျမ်းပိုဒ် ကို ဖိလိပ္ပိသြဝါဒစာ၌ တွေ့ရ ပေသည်။"ထိုသို့ လူ၏ဂုဏ်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာ မဟုတ်၊ လက်ဝါး ကပ်တိုင်မှာ အသေခံခြင်းတိုင်အောင်အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော် မူ၏။ ထိုကြောင့် ဘုရားသခင်သည်ကိုယ်တော်ကို အလွန် ချီးမြောက်၍ ဘွဲ့နာမ တကာ တို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေး သနား တော်မူ၏။ အကြောင်းမူကား၊ ကောင်းကင် သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါ၊ တည်းဟူသော ခပ်သိမ်းသော သတ္တဝါ တို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ် တော်မူ၏ ဟုနှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်း အသရေတော်ကို ထင်ရှားစေ ကြမည် အကြောင်း တည်း"(ဖိ၊၂း၈-၁၁)

**မျိုးနွယ်သစ်၏ ဦးခေါင်းဖြစ်သော ယေရှုခရစ်။** ခမည်းတော် ဘုရားသခင်သည် ယေရှုခရစ်ကို အရာခပ်သိမ်းတို့၏ အရှင်သခင် အဖြစ် ပြုလုပ်ရုံသာမကဘဲ၊သူကိုလည်း အိမ်ထောင် မိသားစု အသစ်၏ ဦးခေါင်း အဖြစ်လည်း ပြုလုပ် ခန့်ထားတော်မူ၏။ ဤအိမ်ထောင် မိသားစုအသစ်ကို "ဘုရားသခင်၏ သား သမီးများ "ဟု လည်း ခေါ်ဆိုသည်။ ယခု ကမ္ဘာ ပေါ်တွင် အိမ်ထောင်မိသားစု နှစ်စုရှိ ပါသည်။ အိမ်ထောင်မိသားစု တခုချင်းစီ၌ ဦးခေါင်း တခုစီ ရှိသည်။ အာဒံသည်သူမှ ဆင်းသက် လာခဲ့သော အပြစ်သား အိမ်ထောင်မိသားစု၏ ဦးခေါင်းဖြစ်ပြီး၊ ယေရှုခရစ်သည် ဘုရားသခင်၏ သားသမီးများ ဟုခေါ်သော အိမ်ထောင် မိသားစု အသစ်၏ ဦးခေါင်း ဖြစ်သည်။ ကျွန်ုပ်တို့ အယောက်တိုင်းသည် မွေးဖွား လာခြင်း အားဖြင့် အာဒံ၏ အပြစ်သား မျိုးနွယ် အဝင်ဖြစ်လာခဲ့၏။ သို့သော် ယခုသခင်ယေရှု၏ အသေခံခြင်းနှင့် ရှင်ပြန် ထမြောက်ခြင်း အားဖြင့်ကျွန်ုပ်တို့သည် ဝိညာဉ်ရေး၌ အသစ်တဖန် မွေးဖွားခြင်းနှင့် ဘုရား သခင်၏ သားသမီးများ ဖြစ်လာရန် သူသည် ပြုလုပ်ပေးနိုင်ပြီ။

**ဘုရားသခင်၏ဝိညာဉ်တော်၌ တဖန်ပြန်လည်မွေးခြင်းကား အဘယ်နည်း။** သခင်ယေရှုက "ဒုတိယမွေးဖွားခြင်း မခံသော သူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရ"ဟု ဆိုသည်။ (ယော၊၃း၃)။ မည်ကဲ့သို့ ဒုတိယမွေးဖွားရမည်နည်း။ သခင်ယေရှုက "ရေနှင့် ဝိညာဉ်တော်အားဖြင့် မွေးဖွားရမည်"ဟု ဆို၏(ယော၊၃း၅)။ ရေပါသောကြောင့် အချို့သောသူ များက ရေနှစ်ခြင်းအားဖြင့် ဒုတိယ မွေးဖွား ပြီဟု ယုံကြည်ကြသည်။ သို့သော် ရေနှစ် ရုံဖြင့် ဒုတိယ မမွေး နိုင်ပါ။ ဒုတိယမွေးဖွားခြင်း သိနိုင်ရန်မှာ ပထမမွေးဖွားခြင်းသည် မိခင် ဝမ်းထဲမှ မွေးဖွားခြင်းဖြစ်သည်။ ပထမမွေးဖွားသောအခါ အာဒံအမျိုး၊ အာဒံ မိသားစု ထဲ၌ မွေးဖွားသည်။ အာဒံ အမျိုးသည် လူဟောင်းဖြစ်၍ အပြစ်သားဖြစ်သည်။ ထို ပထမ မွေးဖွားခြင်းဖြင့် ကောင်းကင် သို့ မဝင်နိုင်ပါ။ ဒုတိယပြန်မမွေးလျှင် ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ဟုဆို၏။ ဒုတိယ မွေးဖွားရန်ရေနှစ်ခြင်း၊ ဘာသာရေး ကျင့်ထုံးများကို လိုက် လျောက်ခြင်း၊ ပညတ်တော်များကို စောင့်ခြင်းဖြင့် မရပါ။ ဘုရားသခင်သည် ထို လူဟောင်း အာဒံမျိုးကို ခရစ်တော်နှင့်အတူ လက်ဝါး ကပ်တိုင် ၌ ရိုက်ထားခဲ့၏။ သင်္ချိုင်းထဲမှ ရှင်ပြန် ထမြောက် သောအခါ လူဟောင်း မပါတော့ချေ။ လူသစ်အနေဖြင့် ထမြောက် လာ၏ ထိုသို့ လူသစ်ဖြစ်ဖို့ရန် လူမတတ်နိုင်၊ ဘုရားသခင်၏ တန်ခိုးအား ဖြင့်ဖြစ်သည်။ (၂ကော၊၅း၁၇-၁၈)။ ထိုသို့ လူသစ် အဖြစ်သို့ ရောက်ရှိခြင်းသည်သာလျှင် ဒုတိယ မွေးဖွားခြင်း ဖြစ်သည်။ မိတ်ဆွေ၏ လုပ်ဆောင်ချက် မပါ။ ဘုရားသခင်၏ စီစဉ်ပေးမှုကြောင့် ခရစ်တော်နှင့်အတူထမြောက်ခြင်းဖြင့် မိတ်ဆွေသည် ဒုတိယမွေးခြင်း ခံရပြီး ဖြစ်သည်။

**ရှာဖွေတွေ့ရှိရသော ရတနာ။** ယေရှုခရစ်သည် ဘုရားသခင် ဖြစ်တော်မူ၏။ သူသည် လူ သားတော် ဖြစ်လာခဲ့ခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင် ၏သားများ အဖြစ်သို့ ဖြစ်ခွင့် ကိုရမည့် အကြောင်း တည်း။ ။ **အန်ဒရူး**

---

## ခရစ်တော်၏ရုပ်ပုံလွှာ-၇ (အမွေခံသခင်) *မင်းအောင်သက်လွင်*

ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံ သခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော် အားဖြင့်လည်း လောကဓါတ်တို့ကို တည်တော်မူ၏။ ဟေဗြဲ ၁း၂။ အတိုင်းမသိ ကြီးမြတ်ထူးကဲလွန်းသော ထိုနာမတော် ရုပ်ပုံလွှာသည် ခြောက်ပေ တစ်လံ သာသာ ရှိသော လူ့ဇာတိဉာဏ်ဖြင့် တွေးတောကြံဆ လက်ခံ နိုင်မည် မဟုတ်ပါ။ ထိန်းချုပ်နိုင်စွမ်းကို တိုင်းတာနိုင်သော အရည်အချင်း စစ်ဆေးသော စက်ကိရိယာဖြင့်ပင် မခန့်မှန်းနိုင်သော ခရစ်တော်၏ ရုပ်ပုံလွှာ သည် "အမွေခံ သခင်" ဖြစ်သည်။ အထက် ဖော်ပြပါ ကျမ်းချက် နှင့် အဓိပ္ပါယ်တူသည့် အခြားကျမ်းတစ်ပိုဒ်အား ဗျာဒိတ်ကျမ်း ၁၁း၁၅ တွင်တွေ့နိုင်ပါသည်။ သတ္တမ ကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ ကောင်းကင်ဘုံ၌ ကြီးသော အသံတို့ကား လောကီနိုင်ငံသည် ငါတို့ အရှင်၏ နိုင်ငံ ဖြစ်လေပြီ။ ထိုအရှင် ၏ ခရစ်တော်နိုင်ငံ ဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာ အဆက်ဆက် စုံးစံတော်မူမည်။ ရှေ့ရေး အနာဂါတ်ကို ကြိုတင်သိမြင်သော ဗျာဒိတ် ဆရာက ဤကျမ်းစာကို ရေးသား ထားခြင်း ဖြစ်ပါသည်။ သူ့ခေတ် သူ့အခါက အသက် ပေးသွားကြသော မာတုရ များအတွက် အာမခံချက် ပေးသည့် သမ္မာတရား လည်း ဖြစ်ပါသည်။ ဧဝံဂေလိ အမှုတော်ဆောင်များရရှိမည့် ဆုလာဘ်သရဖူ ဖြစ်သည်။ ဘုရင်တကာတို့၏ ဘုရင် အရှင်တကာတို့၏ အရှင်ဖြစ်မည့် ခရစ်တော်၏ နိုင်ငံတော်ကို သိမ်းယူမည့် နေ့ရက်ပင် ဖြစ်ပါသည်။ မည်သည့် အရာက ခရစ်တော် အား ကောင်းကင်ဘုန်းစည်းစိမ်၏ အမွေစား အမွေခံ ဖြစ်စေပါသနည်း။ သမ္မာကျမ်းစာ က ပြောထားသည်မှာ ပထမ ဦးစားပေး အရာမှာ သွေးသားတော်စပ်မှုပင် ဖြစ်ပါသည်။ ခရစ်တော်သည် ဘုရားသခင်၏ သားတော်ပင် ဖြစ်သည်။ အမွေခံ ဟူသော စကားစု၏ စစ်မှန်သော အဓိပ္ပါယ်မှာ သေတမ်းစာ အရ ရထိုက်သော အမွေ မဟုတ်ဘဲ သွေးသား တော်စပ်မှုကြောင့် ရသော အမွေ ဖြစ်သည်။ သေတမ်းစာအရ ရသော အမွေသည် သွေးသားတော်စပ်မှုနှင့် မသက်ဆိုင်ပါ။ နိုင်ငံ တော်တော်များများတွင် အမွေစား အမွေခံနှင့်ပါတ်သက်၍ ဥပဒေ ပြဌာန်းချက်ရှိပါသည်။ သေတမ်းစာ မရေးခဲ့သော အမွေခံမည့် ကိစ္စတွင် သေဆုံးသူ၏ အမွေ ဥစ္စာသည် သွေးသား တော်စပ်သူနှင့်သာ သက်ဆိုင်ပါသည်။ သေတမ်းစာထဲတွင် မည်သူ မည်ဝါအား ပေးပါဟု မရေးခဲ့ သော်ငြားလဲ သေဆုံးသူနှင့် အနီးဆုံး သွေးသား တော်စပ်သူ သာလျှင် အမွေခံထိုက်သူ ဖြစ်ပါသည်။ အနီးစပ်ဆုံး ဆွေမျိုး သားချင်း သာလျှင် အမွေနှင့် ထိုက်တန်သူ ဖြစ်ပါ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၄၀ ဧပြီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

သည်။ ခရစ်တော်သည် ဘုရားသခင်၏ ကောင်းကင်ဘုံ နတ်ခန်းတွင် ရှိသော အရာများ အားလုံးထက် သာလွန်သော သားတော် ဟူသည့် အရိုက်အရာကို ရရှိသည့် အမွေခံ သခင် သာလျှင် ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် ခရစ်တော်သည် ကောင်းကင် ဘုံနှင့် သက်ဆိုင် သော အမွေခံ ဖြစ်ပါသည်။ ခမည်းတော်ဘုရားသည် ခရစ်တော် အား အမွေခံ အဖြစ် တင်မြှောက် ခဲ့ခြင်း ဖြစ်သည်။ ခမည်းတော် ဘုရားသခင်သည် သားတော် ခရစ်တော် အား စကြဝဠာနှင့် သက်ဆိုင်သော အမွေဥစ္စာကို ပေးခဲ့ပါသည်။ ခရစ်တော် ကိုယ်တိုင် လည်း ကောင်းကင်နှင့်ဆိုင်သည့် ဘုန်းတန်ခိုးကို နဂိုကတည်းက ရရှိထားပြီး ဖြစ်ပါ သည်။ ခရစ်တော်သည် ဖန်ဆင်းခံအရာ အားလုံး၏ ကိုယ်စား ဖြစ်ကြောင်း သမ္မာ ကျမ်းစာက သက်သေ ထူနေပါသည်။ ဤအမှန်တရားက သမ္မာကျမ်းစာပါ အခြား အကြောင်း အရာများကို ထောက်ခံနေပါသည်။ ခရစ်တော်သည် ဖန်ဆင်းရှင် ဖြစ်ပါ သည်။ ဖန်ဆင်းရှင်သည် လက်ရှိတည်တံ့နေသော အရာအားလုံးကို ပိုင်သ သူလဲ ဖြစ်ပါ သည်။ အခြားသော ကျမ်းပိုဒ်ကလဲ ဤ အမှန်တရားကို သက်သေ ထောက်ခံနေပါ သည်။ ခရစ်တော်၏ ဝိညာဉ်တော်က ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီး ဖြစ်ကြောင်း ထောက်ခံ နေပါသည်။ ယခုလက်ရှိ အချိန်အတွက် ကျွန်ုပ် တို့သည် ဘုရားသခင်၏ သားသမီး ဖြစ်နေသေးသော်လည်း နောင်တချိန်တွင် ကျွန်ုပ် တို့သည် ဘုရားသခင်၏ အမွေခံများ ဖြစ်လာမည် ဖြစ်ပါသည်။ ရောမ ၈း၁၆-၁၇ ငါတို့သည် ဘုရားသခင်၏ သား ဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏။ သားမှန်လျှင် အမွေခံ၊ ဘုရားသခင်၏ အမွေခံ ဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည်အကြောင်း ထိုသခင်နှင့်အတူ ဆင်းရဲ ဒုက္ခကို ခံရလျှင် ထိုသခင်နှင့် ဆက်ဆံသော အမွေခံလဲ ဖြစ်ကြ၏။ ဟာလေလုယာ။ ခရစ်တော်သည် သူတစ်ဦးတည်း ပိုင်ထိုက်သော အမွေအား တစ်ကိုယ်ကောင်း မဆန်ဘဲ၊ ကျွန်ုပ်တို့အတွက် ဝေစု ခွဲသွားပေးခြင်း ဖြစ်ပါသည်။ ဘုရားသခင်နှင့် ထာဝရ ကျွမ်းဝင်ရခြင်းတည်းဟူသော အခွင့်အရေးသည် အလွန် တန်ဖိုး ကြီးမားလှသော အမွေ ဉစ္စာဖြစ်သည်။ အဆုံး မရှိသော အတိုင်းအဆ မသိသော။ စိတ်ကူးယဉ် ခန့်မှန်း၍ မရနိုင်သော အရာဖြစ်သည်။ ၁ကော ၂း၉ ဘုရားသခင်ကို ချစ်သော သူတို့ အဖို့အလို့ငှာ ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို့ကို လူမျက်စိဖြင့် မမြင်။ နားဖြင့်မကြား။ စိတ်နှလုံးဖြင့် မကြံစည်သေး။ ဤနေရာတွင် အမွေခံနှင့် လိုက်ဖက်သော အဖြစ်အပျက်လေး တစ်ခုအား ရေးသား တင်ပြလိုပါသည်။ အာဖရိက တောနက်ကြီးထဲတွင် အမဲလိုက်ရာမှ ပြန်လာ သော ဘုရင့်မင်းသား သီအိုဒို ရိုစဗက် အား အာဖရိကန် သင်္ဘောဆိပ်ကမ်းတွင် ဒေသခံများက မင်းသား၏ နိုင်ငံချစ်ကြည်ရေး အိမ်အပြန် အမဲလိုက် အလည်အပတ် ခရီးစဉ် အတွက် သောင်းသောင်းဖြဖြ နှုတ်ဆက်နေသည်မှာ ကြက်ပျံမကျ စည်ကားလှ ပါသည်။ ကမ်းစပ်မှ သင်္ဘောပေါ်တက်မည့် လမ်းတလျှောက်တွင် မင်းသား လျှောက်ရန် ကတ္တီပါ ကော်ဇောနီနီကြီးကို ဖြန့်ခင်းထားလေသည်။ သင်္ဘောထဲတွင်လည်း ဒေသထွက် လက်ဆောင်များ နှင့် အခြွေအရံများ။ မင်းသား၏ အသုံးအဆောင်များက များပြား ခန်းနားလှပါသည်။ မင်းသား၏ ရွက်လွှင့် ခရီးစဉ်တွင် လူအများ၏ အလေးပေး ချီးမွမ်း ထောမနာပြုမှုကို အထူးတလည် ခံယူနေရသည်။ တစ်ချိန်တည်း တစ်နေရာတည်းမှာပင် ထိုမင်းသားစီးမည့် သင်္ဘောတွင် အခြားသူ တစ်ဦးလဲ လိုက်ပါလာခဲ့ သည်။ ထိုအခြားသူမှာ အသက်အရွယ် အိုမင်း ရင့်ရော် နေပြီဖြစ်သော သာသနာပြု ဆရာကြီး တစ်ဦးဖြစ်ပါသည်။ သာနာပြု ဆရာကြီး သည် သူ့ဘဝ သက်တမ်း တစ်ဝက်ကျော်။ သူ၏ ငယ်ရွယ်သော အသက် တာနှင့် သူ့အတတ်ပညာများ။ စည်းစိမ် ဥစ္စာ။ မိဘ ညီအစ်ကို မောင်နမ ဆွေမျိုး မိတ်သင်္ဂဟ တို့အား စွန့်ထားခဲ့ပြီး အာဖရိက တောနက်ကြီးထဲသို့ လွန်ခဲ့သော နှစ်၅၀ ကျော် ကတည်းက ထွက်လာခဲ့ သည်၊ တဖန် သူ၏ ဇနီး သားသမီး မိသားစုအား ဘုရား သခင်၏ သာသနာ တော် အတွက် အာဖရိက တောနက်ကြီးထဲတွင် စွန့်လွှတ်ပေးဆပ် မြှုပ်နှံ ခဲ့ရပြန် ပါသည်။ သာသနာပြုရင်း တောနက်ထဲတွင် ဇနီးသည် သေဆုံးသွား ခဲ့သည်။ လူဆိုး များ၏ နှောက်ယှက် ရန်ရှာမှုကြောင့် သားသမီးများ ပျောက်ဆုံး သွားခဲ့သည်။ ယခုတွင် သူတစ်ယောက်တည်း အထီးကျန်ကာ ခြုံးတစ်ပြားမှ မရှိတော့သော သူ ဆင်းရဲသား ဘဝနှင့် တစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။ ထိုသာသနာပြုအိုကြီးအား မည်သူ တစ်ဦးတစ်ယောက်ကမှ အသိအမှတ် မပြု၊ သတိ မထား။ မလေးစား၊ မကြိုဆို မနှုတ် ဆက် ခဲ့ကြပါ။ မကြာခင် ထို သင်္ဘောသည် ဆန်ဖရန်စစ္စကိုဆိပ်ကမ်းသို့ ဆိုက်ကပ် ခဲ့သည်။ နိုင်ငံတော်သမ္မတ ကိုယ်တိုင် အိမ်ရှေ့မင်းသား ရိုစဗက် အား ဆိပ်ကမ်းအထိ လာရောက်ကြိုဆိုခဲ့သည်။ တံပိုး ခရာများ မှုတ်၍ မင်္ဂလာပန်းများကြဲကာ သင်္ဘောပေါ်မှ ဆင်းလာသော ပြည်တော် ပြန် မင်းသားရိုစဗက် အား လူအများက အုံးအုံးကြွက်ကြွက် ကြိုဆိုခဲ့ကြပါ သည်။ သို့သော် အာဖရိကန် ဆိပ်ကမ်းမှာတုံးက ကဲ့သို့ပင် ယခု ဆန်ဖရန်စ္စကို ဆိပ်ကမ်း၌လည်း မည်သူ တစ်ဦးတစ်ယောက်ကမှ သာနာပြုအိုကြီးအား အရေးမဝင်၊ အဖက်မလုပ်၊ နှုတ်မဆက် မကြိုဆိုခဲ့ကြပါ။ ဈေးပေါ်၍ သေးငယ် စုတ်ချာသော တည်းခိုခန်း၏ ကုတင်ထောင့် တစ်နေရာတွင် တစ်ကိုယ်တည်း မျက်ရည်များကျလျှက် ဒူးထောက် ဆုတောင်းနေသော သာသာပြုအိုကြီးက “ အိုအဖဘုရားသခင် အဆုံးအရှုံး များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကျွန်ုပ်ဘဝအတွက် ကိုယ်တော့်ကို အပြစ် မတင်လိုပါ။ သို့ပါသော်လည်း အာဖရိက တောနက်ထဲက လူမျိုးစုတွေကြားထဲတွင် သက်စွန့်ဆံဖျား နှင့် အမှုတော်ဆောင်ရင်း ချစ်လှစွာသော တစ်ဦးတည်းသော ဇနီးသည်။ ရင်နှစ်သည်းချာ သား သမီးများ အဆုံးအရှုံးခံကာ ကိုယ်တော့်အတွက် ပေးဆပ် ခဲ့သော အကျွန်ုပ်အား အဘယ့်ကြောင့် မည်သူ တစ်ဦးတစ်ယောက်ကမျှ အလေး မမူ ကရုမပြု ခဲ့ခြင်းကို ကျွန်ုပ် နားမလည်ပါ ” ဟု မျက်ရည် လည်ရွဲနှင့် ဆုတောင်း နေခဲ့ပါသည်။ သာသနာပြုအို၏ ဆုတောင်းချက် အဆုံးတွင် ကောင်းကင်ဘုံမှ ဆင်းသက် လာသော ဘုရားသခင်ကို ရူပါရုံအားဖြင့် သူ မြင်လိုက်ရပြီး ဘုရားသခင်သည် သူ၏ ပုခုံးပေါ်သို့ လက်တော်ဖြင့် ညင်သာစွာ တို့တော်မူပြီးလျှင် “ ငါ့သား အခုအချိန်မှာ မင်းကို အခမ်းအနားနဲ့ ကြိုဆိုရအောင် မင်းက အခု အိမ်ပြန် မရောက်သေးဘူးလေ ” ဟု တိုးတိတ် ညင်သာစွာ မိန့်ကြားသွားခဲ့ပါသည်။ ။ **မင်းအောင်သက်လွင်**

ကျွန်ုပ် နှလုံးသား စိတ်ထဲတွင် ထာဝရ ခရစ်တော် စိုးစံရှင် ၊
အဆုံးမဲ့ မေတ္တာ သူခင်းပြ ။ ကျွန်ုပ် နှလုံးသား မြေမှာ ခ ၊
ကတိတော်မြတ် ပေးကာသွား အမွေခံ သခင်နဲ့ စိုးစံစား ။

(ဝန်ခံချက်။-ဟာန်နရီဂရာဗီ ရေးသားသော Heir of all things အား ဆီလျော်အောင်မြန်မာဘာသာပြန်ဆိုပါသည်။)

---

## စစ်တိုက်ခြင်းငှာတန်ခိုးကြီးသောထာဝရဘုရား (JEHOVAH, MIGHTY in BATTLE)

“ဘုန်းကြီးသောရှင်ဘုရင်ကား အဘယ်သူနည်း။ အစွမ်းတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရဘုရား၊ စစ်တိုက်ခြင်းငှါ တန်ခိုးကြီးသောထာဝရဘုရားပေတည်း။” (ဆာ၊ ၂၄း ၈)

ဤဆာလံကျမ်း(၂၄)၌ ဘုန်းကြီးသောရှင်ဘုရင် ဖြစ် တော်မူသော ထာဝရဘုရားသည် ကယ်တင် အံ့သောငှါရင်း၊ ဖျက်ဆီးခြင်းငှါရင်းတတ်စွမ်းနိုင်တော်မူကြောင်း ဖေါ်ပြထားပါသည်။ သို့ဖြစ်၍ ဘုရားသခင်ဘက်မှာနေသောသူ၊ ဘုရားသခင်ကို ကိုးစားသောသူတို့ကို ဘုရား သခင်သည် ကျေးဇူးတော်ဖြင့် အစဉ်သဖြင့်ကယ်မတော်မူလျက်ရှိ၏၊ ကွယ်ကာတော်မူလျက် ရှိ၏။ ထိုမှတပါး ဘုရားသခင်ကိုမယုံ ကြည်သူ၊ ဘုရားသခင်ကို ဆန့်ကျင်သူတို့ကို အဆုံးတိုင် ဖျက်ဆီးစီရင်တော်မူမည်ဟု သိမှတ်ယုံကြည်ရပါသည်။ ဣသရေလ လူများ ကျွန်ခံရာအီဂျစ်ပြည်မှ အံ့ဩဘွယ်ရာ ထွက်မြောက်လာခြင်းကို ပြန်လည်ဆင်ခြင်ကြည့်ပါ။ ထာဝရဘုရားသည် မိမိရွေးကောက်ထားသော ထိုဣသရေလလူမျိုးများကို ကျေးဇူး တော်အားဖြင့် အံ့ဩဘွယ်ရာ တယ်တင်တော်မူ၏။ သူတို့ကို မနာလိုသော ရန်သူ အီဂျစ်စစ်သားများနောက်မှလိုက်လာသဖြင့် ဣသရေလလူများ စိုးရိမ် ကြောက်ရွံ့၍ ထာဝရ ဘုရားကိုအော်ဟစ်ခဲ့ကြရာ မောရှေက မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာရပ်နေကြလော့။ ... သင်တို့ဘက်၌ ထာဝရဘုရားသည် စစ်တိုက်တော်မူလိမ့်မည်ဟု မိန့်ဆိုခဲ့သည့်အတိုင်း ရန်သူများကို ပင်လယ်၌ ဆုံးရှုံးစေခဲ့ပါသည်။ ချစ်သောမိတ်ဆွေ ဘုရားတစ်ဖက်မှာ မနေပါနှင့်။ ဘုရားနှင့် ဆန့်ကျင်ဘက်မပြုပါနှင့်။ စစ်တိုက်ခြင်းငှါ တန်ခိုးကြီးသော ထာဝရဘုရားကို မည်သူက ဆန့်ကျင်ပုံ့ရဲနိုင်ပါမည်နည်း။ ဆန့်ကျင်သူအလုံးစုံကိုဘုရားသခင် တစ်နေ့ ဖျက်ဆီးတော်မူလိမ့်မည်။ ၂သက်၊ ၁း ၆-၈၌ ဤသို့တွေ့ရ၏။ အဘယ်သို့နည်းဟူမူကား သခင်ယေရှုသည် တန်ခိုးရှိ သော ကောင်းကင်တမန်တို့နှင့်အတူ ကောင်းကင်ဘုံက ပေါ်ထွန်းတော်မူ၍ ဘုရား သခင်ကို မသိသောသူ၊ ငါတို့ သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကိုနားမထောင်သော သူတို့ကို မီးလျှံအားဖြင့်ဒဏ်ပေးတော်မူသောအခါသင်တို့ကို ဆင်းရဲစေဘူးသော သူတို့၌ ငါတို့နှင့် အတူ ချမ်းသာခြင်း ကိုဝင်းဘုရားသခင်ဆပ်ပေး၍ တရားသဖြင့် စီရင်တော်မူလိမ့်မည်။” ယနေ့ကာလ၌ ခရစ်တော်ကို မသိ၊ ဆန့်ကျင်သူနေသူ များသည် တစ်နေ့ ကမ္ဘာလောကသို့ ဒုတိယအကြိမ်ပြန်လည် ကြွလာမည့် ယေရှုဘုရား(သို့) စစ်တိုက်ခြင်းငှါ တန်ခိုးကြီး သော ထာဂရဘုရားတည်းဟူသော ယေရှုဘုရား၏ စီရင်ခြင်းကို မုချဧကန်ခံရကြပါမည်(ဗျာ၊ ၁၉း ၁၁-၁၅) ခရစ်တော်ကို အမြဲ ယူတင်ဂတ်ဆောင်သူတို့ အနေနှင့် ခရစ်တော်နှင့်အတူ အစဉ်သဖြင့် အောင်ခြင်းရပေမည် (၂ကော၊ ၂း၁၂)။ အိုအဖ ကိုယ်တော်သည် စစ်တိုက်ခြင်း ငှါတန်ခိုးကြီးသောဘုရားဖြစ်ကြောင်း သိမှတ်ချီးမွမ်းပါ၏။ ကိုယ်တော်အတွက်အဆုံးတိုင် သစ္စာရှိစွာ ရပ်တည်နိုင်ရန် ခွန်အားပေးမစတော်မူပါ (အာမင်)။ **ဆရာစောစံအောင်**

---

ထွက်ပြီ



မြန်မာပြည်ကျမ်းစာအသင်း ၂၆၂ ဆူးလေဘုရားလမ်း ရန်ကုန်မြို့

**မင်းအောင်သက်လွင်** ၏ **သခင့်နှလုံးသား** (အမှတ်၁)
(တစ်ကိုယ်တော်) ရေးသား စီစဉ် ထုတ်ဝေသည့် ဝိညာဉ်ရေးရာ ရသစုံ **မီနီမဂ္ဂဇင်း** ။

C.L.C (Christian Literature Council) အမှတ်၁၉၁၁၃၉လမ်း၊ ကျောက်တံတားမြို့နယ်။ရန်ကုန်

ဥရောပနိုင်ငံများနှင့် ဝေးလံသော နယ်ဒေသမှ စာအုပ်ဝယ်ယူရန်ခက်ခဲသူများအား Email မှတဆင့် PDF file ဖြင့် အခမဲ့ ပို့ပေးပါမည်။

**(စင်ကာပူနိုင်ငံ)** ယုဒသန်နှစ်ခြင်းအသင်းတော်။ စကောကရင်နှစ်ခြင်းအသင်းတော် စာအုပ်ဆိုင်။